မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၅ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၅၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာအွန်ဒရေးကာရာလ်ကူးဗားက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ မက္ကဆီကိုနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မတ် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာအွန်ဒရေးကာရာလ်ကူးဗားသည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့လာရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မီလ်တီးအီးယားဒိစ်၊ ဟစ်ကာကစ်အားကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဟယ်လင်းနစ်သမ္မတနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မတ် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာမီလ်တီးအီးယားဒိစ်၊ ဟစ်ကာကစ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်သို့လာရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့်ဦးကျော်သူနှင့်ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၅ ရက်)

နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စုစည်းညီညွတ်စွာပါဝင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများကို နေရာပေး အလေးထားမှု၊ ကြင်နာစွာ ကူညီဖေးမ ရိုင်းပင်းစောင့်ရှောက်မှုတို့ ထူးထူးခြားခြား ဖြစ်ထွန်းနေသည့်နိုင်ငံ ဖြစ်သည်။

မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေး မျှမျှတတရရှိခံစားခဲ့ကြရသည်သာမက မိမိမိသားစု၊ မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် အမျိုးသားများနှင့်အတူ ရင်ပေါင်တန်းပြီး ပါဝင်စွမ်းဆောင်ခွင့် ရရှိခဲ့ကြသည်။ မြန်မာအမျိုးသမီးတိုင်းသည် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံလာသည့်အခါတိုင်းတွင် အမျိုးသားများနှင့်မခြား ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည်ကို သမိုင်းတွင် အထင်အရှား တွေ့မြင်ရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာအမျိုးသမီးထု၏ ထက်မြက်သည့် စွမ်းဆောင်ရည်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာအမျိုးသမီးကဏ္ဍအနေဖြင့် ကျစ်လျစ်ခိုင်မာစွာ ဖြစ်ပေါ်ရပ်တည်နိုင်စေရန် အားပေးပျိုးထောင်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မတ်လ ၃ရက်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်-

"မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာ့အမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြီး မြန်မာအမျိုးသမီးများအရေး၊ နိုင်ငံတော်၏ အရေးကိစ္စများကို တက်တက်ကြွကြွ ညီညီညွတ်ညွတ် ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူဆောင်ရွက်နိုင်စေရန် စနစ်တကျ တာဝန်အဆင့်ဆင့်ခွဲဝေပြီး သွက်လက်ထက်မြက်သော ယန္တရားတစ်ရပ်ကဲ့သို့ လှုပ်ရှားနိုင်ရန် စီမံဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း" ပြောကြားသွားသည်။

ယနေ့ကာလတွင် စီးပွားရေးကဏ္ဍ၌ ရှေ့တန်းကပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍများ၌ ဦးစီးဆောင်ရွက်နေကြသည့် အမျိုးသမီးပညာရှင်များ၊ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍ အထွေထွေ၌ ထွန်းပေါက်အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ၌ ပါဝင်စွမ်းဆောင်နေကြသည့် စေတနာရှင်အမျိုးသမီးများ စဉ်ဆက်မပြတ် ပေါ်ထွန်းနေပြီး အမျိုးသမီးကဏ္ဍ ဆန်းသစ်ထွန်းတောက်နေသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မွန်မြတ်သော အမျိုးသားရေးအကျိုးစီးပွား သက်သက်ကိုသာ ရှေးရှုသော စစ်မှန်သည့် လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည်။ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းမှု အဆင့်ဆင့်တွင် တာဝန်ယူ ဦးဆောင်လျက်ရှိကြသည့် အမျိုးသမီးခေါင်းဆောင်များသည် စိတ်ဓာတ်ရေးရာအရ သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာအရသော်လည်းကောင်း၊ စွမ်းဆောင်မှု အရည်အသွေးအရ သော်လည်းကောင်း၊ စေတနာ၊ ဝီရိယစိုက်ထုတ်မှု အရသော်လည်းကောင်း အဘက်ဘက်တွင် စံနမူနာပြ ဖြစ်နေစေရန်၊ ခေါင်းဆောင်ကောင်း ပီသစေရန် အထူးလိုအပ်ပေသည်။

ထို့အပြင် မြန်မာအမျိုးသမီးငယ်ရွယ်များအကြား မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်အစဉ်အလာများကို မြတ်နိုးလေးစား ထိန်းသိမ်းမြှင့်တင်တတ်သည့် အလေ့အထနှင့် ခံယူချက် ဖြစ်ပေါ်လာစေရန် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ စဉ်ဆက်မပြတ် ရှင်သန်ထွန်းကားပြန့်ပွားနေစေရန် စည်းရုံးဦးဆောင်ပညာပေးထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာအမျိုးသမီးများအားလုံးသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားအတွက် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် အရင်းခံပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် တစ်စိတ်တည်း တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ လှုပ်ရှားဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး လုပ်ငန်းများ လျာထားချက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက ကျိုက်လတ်မြို့သို့ ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော အရှည်၁၁၇၅ပေ၊ အကျယ်၁၈ပေရှိ မြို့အဝင် လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လမ်းအရည်အသွေး ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ လမ်းပခုံးများနှင့် လမ်းဘေးရေမြောင်းများကိုပါ တစ်ပါတည်းဆောင်ရွက်ရေး မှာကြားသည်။

ကျိုက်လတ်မြို့နယ်

ထို့နောက် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားချက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားသည်။

ဘိုကလေးမြို့နယ်

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့က ရှင်းလင်းတင်ပြကြသည်။

မော်လမြိုင်ကျွန်းမြို့နယ်

ဆက်လက်၍ မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်က မော်လမြိုင်ကျွန်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်က ဖြည့်စွက်တင်ပြသည်။

ဝန်ကြီးက ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန်နှင့် ကျေးရွာချင်းဆက်လမ်းများ တိုးချဲ့ဖောက်လုပ်ရေး၊ လမ်း/တံတားများ အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဘိုကလေးမြို့တွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁ရက် နံနက်ပိုင်းတွင် ဒေးဒရဲမြို့သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၌ ဒေးဒရဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့က မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ကွမ်းခြံကုန်းမြို့နယ်

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့်အဖွဲ့သည် မွန်းတည့် ၁၂ နာရီက ကွမ်းခြံကုန်းမြို့သို့ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးက မြို့နယ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့ ရေပေးရေးအတွက် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း တူးဖော်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်း ညွှန်ကြားရေးမှူး ဦးလှသိန်းအောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ) ဦးကျော်တို့က လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။

ဝန်ကြီးကတွင်းတူးစက်ကြီးဖြင့် ရေတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ပြီးစီးရေး၊ သောက်သုံးရေဖူလုံစွာ ရရှိရေး၊ ရေပေးမှုကို စနစ်ကျနစွာ စီမံဆောင်ရွက်ရေး မှာကြားသည်။

တူးဖော်ပြီးသော ခြောက်လက်မ စက်ရေတွင်းသည် အနက်ပေ ၂၀၀တွင် ရေထွက်နှုန်း တစ်နာရီ ဂါလန်၁၅၀၀၀ခန့် ထွက်ရှိကြောင်း သိရသည်။ ကွမ်းခြံကုန်းမြို့ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့မိမြို့ဖများပူးပေါင်း၍ အဆင့်လိုက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်စံပြကျေးရွာနှင့် သဃ်န်းကျွန်းကြီးစံပြကျေးရွာများမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ပြုလုပ်ရာ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ညွန့်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၅-၃-၂၀၀၅
(စနေနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"သောတာနုဂတသုတ်"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Sources of Economic Stastics in Myanmar (ဒုတိယနှစ်-စီးပွားရေး) The Nature of Philosophical Problems. (တတိယနှစ်-ဒဿနိက)
- ၅:၃၅ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၁၇)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မြန်မာ့ရှုခင်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ English Premier League ဘောလုံးပွဲ Crystal Palace Vs Manchester United.

မတ် ၄ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မက္ကဆီကိုနိုင်ငံသံအမတ်ကြီး မစ္စတာ အွန်ဒရေးကာရာလ်ကူးဗားအား ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

အဟောသိကံ နကမ္မတိ

❊ ဒို့လုပ်တာတွေ၊ ဒို့မြေ ဒို့ရေ
ဒို့လူတွေနှင့် သင့်တင့်မျှတ
အားရဖွယ်ရာ၊ ရှိနေပါလျက်
မပျက်အစဉ်၊ ပြစ်တင်မစဲ
အမြဲလုပ်တာ၊ ဘာကြောင့်ပါလဲ
စိတ်ဖြာခွဲသော်-
သူဖော်ကာညွှန်း၊ သူတိုက်တွန်းတာ
မလိုက်နာဘဲ၊ ဒို့ရွာ ဒို့ပြည်
ဒို့များတည်ရန်
ဒို့များစံဖြင့်၊ ဒို့ပုံစံချ
လုပ်နေကြခြင်း၊အကြောင်းရင်းတည့်။

❊ ဒို့လျှင်မဆိုင်း၊ သူပြောတိုင်းပင်
ရွှင်ရွှင်ပျပျ၊ လိုက်လုပ်ကြ၍
ဘဝအပ်နှံ၊ ခြယ်လှယ်ခံလျှင်
သူ့အမြင်၌၊ ပြစ်တင်မည်ဝေး
သူပေးလိုက်မှာ၊ အောင်ဩဘာ။

❊ သူဘာပြောပြော
အဟောသိကံ၊ နကမ္မတိ
အရှိရည်မှန်း၊ ပန်းတိုင်လမ်းတိုင်း
လျှောက်လှမ်းသွားမှာ၊ ကြည့်နေပါ
မရောက်မချင်း၊ ဆက်လျှောက်မှာ။ ။

ဗိုးဝ

(လူ့အခွင့်အရေးနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်ရှိသူဟု ထင်မှတ်နေသူအား ရည်ညွှန်းလျက်)

ရွှေပြည်ဟိန်း ဓိဝိတဒါနအလှူ

ရန်ကုန် မတ် ၄

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသောကုသိုလ်ဖြစ်ဆေးခန်း၌ ဓိဝိတဒါနအလှူအဖြစ် အလှူတော်ငွေများလှူဒါန်းလျက်ရှိကြရာ သန်လျင်မြို့ မဈွိမာရုံကျောင်း၌ ကျင်းပသောဓမ္မသဘင်တွင် ရွှေဥရတနာရွှေဆိုင်မိသားစုက အလှူတော်ငွေကျပ် သုံးသိန်းနှင့် စုပေါင်းအလှူတော်ငွေကျပ်သုံးသိန်း စုစုပေါင်းအလှူ ငွေကျပ်ခြောက်သိန်းကို ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရထံ ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။

အလှူရှင်များသည် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မတ် ၄ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဟယ်လင်းနစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မီလ်တီးအီးယားဒိစ်၊ ဟစ်ကာကစ်က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ ပေးအပ်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

အထက(၂)လမ်းမတော် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၄

အထက(၂)လမ်းမတော် ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ နှစ်စဉ်အပူဇော်ခံ ဆရာ၊ ဆရာမကြီးများနှင့်ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို အထက(၂)လမ်းမတော် ဖုန်း-၂၂၂၂၅၇ သို့ ဆက်သွယ်ထည့်ဝင် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၅-၃-၂၀၀၅
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"** (အပိုင်း-၁၆)
၁၃:၃၀ ၇။ မြန်မာ-ဂျပန်ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲ (ပထမနေ့)
၁၃:၄၀ ၈။ လောကနီတိ(၄) **"လှပခြင်း၏အဓိပ္ပာယ်"** အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော် (ဒါရိုက်တာ-ခင်ဇော်)
၁၄:၁၅ ၉။ တေးဂီတအစီအစဉ်
၁၄:၂၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၃၅ ၁၁။ တံငါတံတား
၁၄:၄၅ ၁၂။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၂ ခုနှစ်)
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
၁၇:၂၀ ၇။ နားဝင်ပီယံသူ့လက်သံ
၁၇:၃၀ ၈။ **"အိမ်သာအလှူ"** အောင်ပြည့်၊ ရူပ၊ သက်နောင် (ဒါရိုက်တာ-အာယု)
၁၇:၅၀ ၉။ တေးဂီတအစီအစဉ်
၁၈:၀၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၂၀ ၁၁။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Discovery
၁၉:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"** (အပိုင်း-၃)
၁၉:၄၀ ၁၆။ နှစ်(၆၀) ပြည့်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၅၀ ၁၇။ အမျိုးသား ညီလာခံဂုဏ်ပြုတေး
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **'အချစ်သံသရာ'** (အပိုင်း-၂၃)
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ အများသုံးတယ်လီဖုန်း စက်ခလုတ်ခုံများကို မတ် ၂ ရက်က တွေ့ရစဉ်။ [တယ်လီကွန်း မလေးရှားကုမ္ပဏီသည် ဆက်သွယ်ရေးလုပ်ငန်းများမှ ၂၀၀၄ခုနှစ်တွင် အသားတင် အမြတ်ငွေရင်းဂစ် ၂ ဒသမ ၆ဘီလီယံ(အမေရိကန်ဒေါ်လာ ၆၈၇ သန်း) ရရှိခဲ့ကြောင်း သိရသည်။] **(ဓာတ်ပုံ-အင်တာနက်)**

အိန္ဒိယကျေးလက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထား

နယူးဒေလီ မတ် ၃

အိန္ဒိယနိုင်ငံသည် ဘာရက်နီယာမင်း(အိန္ဒိယတည်ဆောက်ရေး)စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် ကျေးလက်အခြေခံ အဆောက်အအုံစီမံချက်တွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက တနင်္လာနေ့၌ ဖိတ်ခေါ်ထားသည်။

၂၀၀၉ခုနှစ်၌ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် အိန္ဒိယဘဏ္ဍာရေးဝန်ကြီး ပီချီဒမ်ဘာရမ်က လေးနှစ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံနှစ်စဉ် ငွေကြေးပံ့ပိုးမည့် ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးရန်ပုံငွေထူထောင်မှုကို ကြေညာကြောင်း အင်ဒို-အာရှသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပြောကြား

အဆိုပါ ဘာရက်နီယာမင်းစီမံကိန်းသည် ဆည်မြောင်းများ၊ လမ်းများ၊ အိမ်ရာဆောက်လုပ်မှု၊ ရေပေးဝေမှု၊ လျှပ်စစ်နှင့် ကြေးနန်းဆက်သွယ်မှုကဲ့သို့ ဒေသအတွင်း၌ အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် လေးနှစ်စီးပွားရေး စီမံချက်ဖြစ်သည်ဟု ပါလီမန်သို့ ၂၀၀၅-၂၀၀၆ခုဘတ်ဂျက်တင်သွင်းသည့်အခါ ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

ပါဝင်

လျာထားချက်များတွင် ဆည်မြောင်းအခြေခံ အဆောက်အအုံများကို နောက်ထပ် ဟက်တာ ၁၀ထိ တိုးချဲ့ရန် လူဦးရေ၁၀၀၀ရှိသော လူနေဒေသများ သို့မဟုတ် လူ ၅၀၀၀ရှိသော တောင်ကုန်းဒေသများသို့ ကျေးလက်လမ်းများ ဖောက်လုပ်ပေးရန်အပြင် တန်ဖိုးနည်းအိမ်ရာအလုံး ၆၀၀၀၀၀ နောက်ထပ် ဆောက်ပေးရန်တို့ ပါဝင်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာဆိုင်ရာ အာကာသစခန်းယာဉ်သို့ ရိက္ခာများပို့ရန် ပရိုဂရက်စ်အမ်-၅၂ အာကာသယာဉ် ရုရှားနိုင်ငံ လွှတ်တင်

မော်စကို မတ် ၃

နိုင်ငံတကာဆိုင်ရာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)၌ တာဝန်ထမ်းဆောင်နေကြသည့် အာကာသယာဉ်မှူးများထံ အစားအစာနှင့် အခြားကုန်ပစ္စည်းများပေးပို့ရန်အတွက် ကုန်တင်အာကာသယာဉ်ကို ရုရှားနိုင်ငံက တနင်္လာနေ့ညဉ့်၌ လွှတ်တင်လိုက်သည်။

အဆိုပါပရိုဂရက်စ်အမ်-၅၂ ကုန်တင်အာကာသယာဉ်ကို ဆိုယုဇ်ယူဒုံးပျံဖြင့် ကာဇက်စတန်ရှိ ရုရှား၏ ဘေကိုနာပစ်လွှတ်စင်မှနေ၍ ည ၁၀နာရီ ၉မိနစ်၊ မော်စကိုစံတော်ချိန် (၁၈၀၉ဂျီအမ်တီ)၌ ပစ်လွှတ်ခဲ့ရာ ကိုးမိနစ်အကြာ၌ ပတ်လမ်းကြောင်းထဲသို့ ရောက်ရှိခဲ့ကြောင်း အီတာတာ့စ်သတင်းဌာနက ဖော်ပြသည်။

ပရိုဂရက်စ်သည် ဗုဒ္ဓဟူးနေ့၌ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မည်ဖြစ်သည်။ လောင်စာ၊ ရေ၊ အောက်စီဂျင်၊ တေးဂီတဒစ်ပြားများအပြင် သုတေသနပစ္စည်းကိရိယာများအပါအဝင် ကုန်ပစ္စည်း ၂ဒသမ ၅တန်ခန့် သယ်ဆောင်သွားခဲ့သည်။

အာကာသစခန်းယာဉ်ပေါ်ရှိ ရုရှားနှင့် အမေရိကန် အာကာသယာဉ်မှူးများသည် အစားအစာမလုံလောက်မှုမဖြစ်စေရန် ယခုတစ်ကြိမ်၌ ရုရှားနှင့် အမေရိကန်အစားအစာများကို အချိုးအစားတူမျှစွာ ရရှိကြမည်ဖြစ်သည်။

အာကာသစခန်းယာဉ်သို့ လွှတ်တင်လိုက်သော ပရိုဂရက်စ် အာကာသယာဉ်တွင် ပထမဆုံးအနေဖြင့် သက်ရှိသတ္တဝါများဖြစ်သော ခရုအကောင် ၅၀ပါရှိသွားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အေအိုင်ဒီအက်စ် ဝေဒနာရှင် နှစ်သိန်းခွဲအား နိုင်ဂျီးရီးယားအစိုးရက ရောဂါကုသပေးမည်

လေဂို့စ် မတ် ၂

နိုင်ဂျီးရီးယားနိုင်ငံအစိုးရသည် ၂၀၀၆ခုနှစ် ဇွန်လ၌ အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ်ဝေဒနာရှင် ၂၅၀၀၀၀အား ရောဂါကုသပေးသွားမည် ဖြစ်ကြောင်း ဂါဒီယန်သတင်းစာက တနင်္လာနေ့၌ သတင်းဖော်ပြခဲ့သည်။

ထိုသို့ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဝေဒနာရှင် ၂၅၀၀၀၀ကို ကုသပေးမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယား ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်ကို ဂါဒီယန်သတင်းစာက ကိုးကားပြီး သတင်းဖော်ပြခြင်းဖြစ်သည်။

ကုသပေးမည်

ကနဦး အစီအစဉ်အရ နိုင်ဂျီးရီးယားအစိုးရသည် ၂၀၀၅ခုနှစ် ဇွန်လ၌ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ဝေဒနာရှင် ၁၀၀၀၀၀ကို ကုသပေးသွားမည် ဖြစ်သည်။

ဝန်ခံ

ထိုသို့ဆိုသော်လည်း နိုင်ဂျီးရီးယားအစိုးရ၏ ယခုဆောင်ရွက်ချက်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိပ်ချ်အို)က ယခုနှစ်ကုန်၌ ရောဂါကူးစက်ထားသူ ၄၀၀၀၀၀အား ကုသပေးရန် သတ်မှတ်ပေးထားချက်ကို ပြည့်မီရန်များစွာ အလှမ်းကွာဝေးသေးကြောင်း ကျန်းမာရေးဝန်ကြီးက ဝန်ခံပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆိုက်ကပ်

တရုတ်နိုင်ငံ အရှေ့ပိုင်း ဖူကျန်းပြည်နယ် ကွမ်ကျိုးမြို့ ရှန်ဟူဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ငါးဖမ်းစက်လှေများကို မတ် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နှင့်ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံကလိုလားလျက်ရှိဟုဆို

ပေကျင်း မတ် ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အနာဂတ်တွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိစေရန် ဖိလစ်ပိုင်နိုင်ငံနှင့်အတူ ပူးပေါင်းကြိုးပမ်းမှုများ ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းက ပေကျင်းမြို့၌ အင်္ဂါနေ့က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသို့ တရားဝင် ချစ်ကြည်ရေး ခရီးအလည်အပတ် ရောက်ရှိနေသော ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတိုရိုမူလိုနှင့် တွေ့ဆုံဆွေးနွေးရာတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

အင်အားဖြစ်

မကြာမီနှစ်များက တရုတ်-ဖိလစ်ပိုင် ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရလာကြောင်း နှစ်နိုင်ငံအကြား နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုသည် အင်အားတစ်ရပ်ဖြစ်ကြောင်း မစ္စတာလီက ပြောကြားသည်။

အောင်မြင်

တရုတ်နှင့် ဖိလစ်ပိုင်တို့သည် တောင်တရုတ်ပင်လယ်၌ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများတိုးတက် အောင်မြင်နေကြောင်း၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကိစ္စရပ်များတွင် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများကို ထိန်းထားနိုင်ကြောင်း မစ္စတာလီက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံ ၃၆နိုင်ငံတွင် ပြည်ပမှစားနပ်ရိက္ခာ ထောက်ပံ့မှုလိုအပ်နေ

ရောမ မတ် ၂

ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း ၃၆နိုင်ငံသည် ပြည်ပမှ စားနပ်ရိက္ခာထောက်ပံ့မှု လိုအပ်နေလျက်ရှိပြီး အခြား ၁၁နိုင်ငံအနေဖြင့်လည်း ကောက်ပဲသီးနှံ ထွက်ရှိမှုအခြေအနေမှာ ကောင်းမွန်သည့်အနေအထားမရှိမှုနှင့် ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ထုတ်ပြန်သောအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အာဖရိကရှိနိုင်ငံ ၂၃နိုင်ငံတွင် ပြည်ပမှ စားနပ်ရိက္ခာထောက်ပံ့မှု လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သော နောက်ဆုံးအစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။

ဆူဒန်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ကောက်ပဲသီးနှံထွက်ရှိမှု လျော့နည်းမည်ဖြစ်ပြီး ကင်ညာနိုင်ငံတွင် ရာသီဥတုဆိုးရွားမှုကြောင့် နိုင်ငံအစိတ်အပိုင်းအတော်များများတွင် သီးနှံထွက်ရှိမှု ထိခိုက်လျော့နည်းမည်ဖြစ်ကြောင်း သိရသည်။

ဖြည့်ဆည်း

သို့ရာတွင် ဆိုမာလီယာနိုင်ငံတွင်မူ အဓိကစိုက်ပျိုးဧရိယာများတွင် သီးနှံထွက်ရှိမှုကောင်းမွန်မှုကြောင့် နိုင်ငံ၏ စားနပ်ရိက္ခာလိုအပ်မှုကို ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း အက်ဖ်အေအို၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဇင်ဘာဘွေ၊ လီဆိုသိုနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင်မူ ကောက်ပဲသီးနှံထွက်ရှိမှု ပုံမှန်အနေအထားတွင်ရှိပြီး တောင်အာဖရိကတွင် စိုက်ပျိုးရေးရာသီပထမပိုင်းတွင် ပုံမှန်မိုးရွာသွန်းမှုလျော့နည်းခဲ့သဖြင့် သီးနှံထွက်ရှိမှု နည်းပါးမည်ဖြစ်ကြောင်း အက်ဖ်အေအိုက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှစ်ပတ်လည်အစည်းအဝေးအောင်မြင်စွာပြီးစီး ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းနှင့်ဆုံးဖြတ်ချက်များအတည်ပြုတင်ပြ အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့သုံးသပ်ချက်၊အကြံပြုချက်များအပေါ် ဖြည့်စွက်ဆွေးနွေး

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနကြီးများနှင့် လုပ်ငန်းအဖွဲ့များမှ ခေါင်းဆောင်များ၊ ဒုတိယခေါင်းဆောင်များနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ၊အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးမြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်စန္ဒာခင်က ဆောင်ရွက်သည်။

ဆွေးနွေးတင်ပြ

အစီအစဉ်အရ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်ကလည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်ကလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်စွဲ့ခင်မာဝင်းကလည်းကောင်း၊ ဧရာဝတီတိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဧရာဝတီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်က လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့နံနက်ပိုင်းတွင် သဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ၏ တင်ပြချက် အစီရင်ခံစာများနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ပြန်လည်သုံးသပ် ခြုံငုံဆွေးနွေးပြောကြားစဉ်။(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်မာထွန်းက ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်များကို အတည်ပြုတင်ပြစဉ်။ (သတင်းစဉ်)

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ၏ တင်ပြချက်အစီရင်ခံစာများနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ပြန်လည်သုံးသပ် ခြုံငုံဆွေးနွေးပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေး အစီအစဉ်များကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ဆောင်ရွက်သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

အတည်ပြုတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်းက ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့များမှ ကိုယ်စားလှယ်များ၏ တင်ပြချက် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍအလိုက် ခြုံငုံဆွေးနွေးချက်များအပေါ်မူတည်ပြီး ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်များကို အတည်ပြုတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က သုံးသပ်ချက်များ၊ အကြံပြုချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အားလပ်ရက်များအတွင်းပြည်တွင်းခရီးစဉ်များ မြန်မာ့ခရီးသွားလုပ်ငန်းကအထူးစီစဉ်ပေးလျက်ရှိ

ရန်ကုန် မတ် ၄

မြန်မာ့ခရီးသွားလုပ်ငန်းဌာနက ပြည်တွင်းခရီးသွားလာမှုလုပ်ငန်းများ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် အားလပ်ရက်များအတွင်း ပြည်သူများအဆင်ပြေချောမွေ့ ပျော်ရွှင်စွာ ခရီးသွားလာနိုင်ရေးတို့အတွက် ပြည်တွင်းခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စီစဉ်ဆောင်ရွက်ပေးနေ

ထိုသို့စီစဉ်ဆောင်ရွက်ပေးရာတွင် ရန်ကုန်မြို့တွင်း ဘုရားစုံဖူးခရီးစဉ်၊ ရန်ကုန်မှ နေ့ချင်းပြန်ခရီးစဉ်များဖြစ်သည့် ရန်ကုန်-သန်လျင်-ကျောက်တန်း၊ ရန်ကုန်-ပဲခူး၊ရန်ကုန်- ခနော်ဖြူ-ဇလွန်(ပြည်တော်ပြန်ဘုရားဖူး) ခရီးစဉ်များကို လည်းကောင်း၊ ရန်ကုန်မှအနယ်နယ်အရပ်ရပ် ခရီးစဉ်များအဖြစ် ရန်ကုန်-ပုဂံ-ညောင်ဦး၊ ရန်ကုန်-ပုဂံ-မန္တလေး-ပြင်ဦးလွင်၊ ရန်ကုန်-မန္တလေး-မုံရွာ-အလောင်းတော်ကဿပ၊ ရန်ကုန်-ပုဂံ-နတ်မတောင်၊ ရန်ကုန်-ကျိုက်ထီးရိုး၊ ရန်ကုန်-အင်းလေး-ပင်းတယ-ကလောခရီးစဉ်များကိုလည်းကောင်း၊ အပန်းဖြေခရီးစဉ်များအဖြစ် ရန်ကုန်-ပြည်-ငပလီ၊ ရန်ကုန်-ချောင်းသာ၊ ရန်ကုန်-ငွေဆောင် ခရီးစဉ်များကို လည်းကောင်း မည်သည့်ရက်မဆို သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါခရီးစဉ်များအပြင် အစုအဖွဲ့လိုက် အထူးခရီးစဉ်များဖြစ်သည့် ရန်ကုန်-မြစ်ကြီးနား(မြစ်ဆုံ) ခရီးစဉ်၊ ရန်ကုန်-ကျိုင်းတုံ-တာချီလိတ်ခရီးစဉ်၊ ရန်ကုန်-စစ်တွေ-မြောက်ဦးခရီးစဉ်၊ ရန်ကုန်-မန္တလေး-လားရှိုး-မူဆယ်ခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ရာ မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ်(၇၇/၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၅၂၈၅၉သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်ဦးစီးဌာနပြကွက် ညွှန်ကြားရေးမှူးချုပ်စစ်ဆေး

ရန်ကုန် မတ် ၄

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဌာနချုပ်မှ အရာရှိကြီးများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနပြခန်း၌ ပြသထားသော မီးသတ်ဦးစီးဌာန၏ ပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် လူမှုရေးဦးတည်ချက်(၄)ရပ် ပြခန်းပြကွက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲ(ပဉ္စမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - **၆-၃-၂၀၀၅ (တနင်္ဂနွေနေ့)**
အချိန် - **နံနက် (၉)နာရီ**
နေရာ - **ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။**

စာအုပ်/ငွေပဒေသာပင် လှူဒါန်းလိုကြသော စေတနာရှင်၊အလှူရှင်များသည် အချိန်မီ တက်ရောက်လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဆက်သွယ်ပါရန်

ဖုန်း - ၃၇၁၃၃၉
ဖုန်း - ၃၇၉၇၆၉
ဖုန်း - ၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့၊ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မတ်လ ၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၃၃၇၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ပြည်ထောင်စု၏ဥပဒေများနှင့်မဆန့်ကျင်စေဘဲ မြေလွတ်၊မြေလပ်၊မြေရိုင်းများ ဖော်ထုတ်ရေးကိစ္စ တိုင်းဒေသကြီး၊ ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများသို့ ဆောင်ရွက်ခွင့်ပြုသင့်ကြောင်းအကြံပြု

● *ကျော်ဖုံးမှ*

"၁။ မြေယာစီမံခန့်ခွဲမှု၊
၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်ခြင်း၊
၃။ ကြေးတိုင်နှင့် မြေစာရင်း၊
၄။ မြေတိုင်း၊
၅။ ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊
၆။ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊
၇။ စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊
၈။ စက်မှုလယ်ယာ၊
၉။ စိုက်ပျိုးရေးသုတေသန၊
၁၀။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊
၁၁။ ပင်လယ်ငါးလုပ်ငန်း"နှင့်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်-

"၁။ လယ်ယာစိုက်ပျိုးရေး၊
၂။ အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး၊
၃။ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး၊
၄။ စိုက်ပျိုးရေးချေးငွေနှင့် စုငွေများ၊
၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊
၆။ ရေချိုငါးလုပ်ငန်း၊
၇။ တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် စနစ်တကျထိန်းကျောင်းရေး"

ဟူ၍ ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုတင်ပြချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အကြံပြုတင်ပြ

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က **"တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားကျရောက်ပါက အရေးပေါ်ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါဖြစ်ပွားမှုအခြေအနေများကို အပြည်ပြည်ဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်သို့ အလျင်အမြန်သတင်းပို့ရကြောင်း၊ ထို့အတူ ကူးစက်စေတတ်သော တိရစ္ဆာန်ရောဂါများ ထိန်းချုပ်ရေးအတွက် ကာကွယ်ဆေးအသစ်များနှင့် ကုသဆေးအသစ်များကို သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်အဆင့်မှသာ သုတေသနပြု ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားကျရောက်ပါက အိမ်နီးချင်းနိုင်ငံများသို့လည်းကောင်း၊ နယ်နိမိတ်ချင်းထိစပ်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့လည်းကောင်း ရောဂါဆက်လက်မပျံ့နှံ့ရန် ရောဂါကာကွယ်ရေးနှင့်ကုသရေးတို့ကို ချက်ချင်းဆောင်ရွက်ရကြောင်း၊ ထို့ကြောင့် တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့်ကုသရေးကို နိုင်ငံတော်အဆင့်က ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည့်အတွက် 'တိရစ္ဆာန်ရောဂါကာကွယ်ရေးနှင့် ကုသရေး' ဟု အခြေခံရမည့်မူတစ်ရပ်အား ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသည့် 'တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေး၊ရောဂါကာကွယ်ရေး၊ စနစ်တကျထိန်းကျောင်းရေး' ဟူသည့် စကားရပ်အစား 'တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး'ဟုသာ ပြဋ္ဌာန်းသင့်ပါကြောင်း"** ဖြင့် အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ဖြည့်စွက်အကြံပြု

ယင်းအကြံပြုချက်ကဲ့သို့ပင် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ၏ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ရှင်းလင်းဖော်ပြထားသည့် ကိစ္စရပ်(၁၁)ခုကို ထောက်ခံတင်ပြသည့်အပြင် အမှတ်စဉ် (၁၂)အဖြစ် 'တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများ'ဟု ဖြည့်စွက်အကြံပြုတင်ပြသွားကြောင်း။

ယင်းအစုအဖွဲ့ကပင် မူလကလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်တွင် ဖော်ပြခဲ့သည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် 'တိရစ္ဆာန်မွေးမြူရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် စနစ်တကျထိန်းကျောင်းရေး' ဟူသော စကားရပ်အစား 'ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး'ဟု ပြင်ဆင်ရန် အကြံပြုသွားသည်ကို တွေ့ရှိရကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်နှင့်တူညီစွာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ကလည်း အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အလေးအနက်စဉ်းစားသင့်

ယင်းအစုအဖွဲ့များ၏ အကြံပြုချက်များကို လေ့လာသုံးသပ်ကြည့်သည့်အခါ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင်ဖော်ပြရန် အကြံပြုထားသည့် **'တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများ'** ဆိုသည့် စကားရပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အကြံပြုထားသည့် **'ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန် မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်းရေး'** ဆိုသည့် စကားရပ်များသည် အဓိပ္ပာယ်ပြည့်စုံ ရှင်းလင်းမှုရှိကြောင်း တွေ့ရှိရကြောင်း၊ ဤအကြံပြုချက်များသည် ချမှတ်ပြီးဖြစ်သည့် အခြေခံမူနှင့်လည်းကိုက်ညီပြီး ကောင်းမွန်သင့်မြတ်သည့်အတွက် အလေးအနက်ထားစဉ်းစားသင့်ကြောင်း တွေ့ရှိရကြောင်း။

ထို့ကြောင့် ဖော်ပြပါအကြံပြုချက်များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့်ညှိနှိုင်းခဲ့ကြောင်း၊ သဘာပတိ အဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြကြောင်း၊ **ညီလာခံကိုယ်စားလှယ်အစုအဖွဲ့ အများအပြားက ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အမှတ်စဉ် (၁၂) အဖြစ် 'တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါ ကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများ'ဟုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အမှတ်စဉ် (၇) ၌ 'ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး' ဟုလည်းကောင်း ဖော်ပြသင့်ကြောင်း အကြံပြုခဲ့ကြသည်ကို** တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြား သင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က **"သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား မြေယာများကို စီမံခန့်ခွဲပိုင်ခွင့်၊ စိုက်ပျိုးရေးအထောက်အကူပြု ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးထုတ်လုပ်သုံးစွဲခွင့်၊ စိုက်ပျိုးရေးသုတေသနပြုခွင့် စသည့်လုပ်ငန်းများကို စီမံခန့်ခွဲလုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍတွင် လက်တွေ့ကျကျ တစ်ရှိန်ထိုး တိုးတက်လာနိုင်စေမည်ဖြစ်ကြောင်း။"**

ထို့ကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသော အသေးစိတ်အခြေခံရမည့်မူများမှ-

အမှတ်စဉ် (၁) မြေယာစီမံခန့်ခွဲမှု၊
အမှတ်စဉ် (၂) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဖော်ထုတ်ခြင်း၊
အမှတ်စဉ် (၃) ကြေးတိုင်နှင့် မြေစာရင်း၊
အမှတ်စဉ် (၈) စက်မှုလယ်ယာ၊
အမှတ်စဉ် (၉) စိုက်ပျိုးရေး သုတေသန၊
အမှတ်စဉ်(၁၀) ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး
အမှတ်စဉ်(၁၁) ပင်လယ်ငါးလုပ်ငန်းများနှင့် ပတ်သက်ပြီး ဒေသအလိုက် အနီးကပ် ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာတွင် တိုင်း ဒေသကြီးနှင့် ပြည်နယ်များကို အထက်ပါအချက်များ လုပ်ပိုင်ခွင့်ရရှိစေ ရန်အတွက် ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း" ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

မှတ်တမ်းတင်ထားမည်

ယင်းအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် အကြံပြုတင်ပြချက်ထဲ၌ပင် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်း စဉ်းစားပေးပါရန်ဟု ဖော်ပြထားသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ နောင်ပေါ်ပေါက်လာမည့် ဥပဒေပြုအဖွဲ့အစည်းများက ဥပဒေပြုရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ယင်းအကြံပြုချက်များကို မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က **"ပူပြင်းခြောက်သွေ့သည့် ဒေသများ၊ အမြဲတမ်းစွတ်စိုသည့် ဒေသများနှင့် ဆီးနှင်းဖုံးလွှမ်းသည့် ဒေသများ စသည်ဖြင့် မြေမျက်နှာပြင်အနေအထား၊ ရာသီဥတုပြောင်းလဲမှုစသည့် ကွဲပြားခြားနားမှုများအပြင် တောမီးလောင်ကျွမ်းခြင်း၊ ရေကြီးခြင်း၊လေမုန်တိုင်း တိုက်ခတ်ခြင်း၊ ငလျင်လှုပ်ခြင်း စသည်များသည်လည်း ပြည်ထောင်စုအတွင်း၌ တစ်နေရာနှင့်တစ်နေရာ မတူညီကြကြောင်း၊ ဤသို့ကွဲပြားခြားနားသည့်အခြေအနေများနှင့် ပတ်သက်၍ အနီးစပ်ဆုံးသိရှိနိုင်သည်မှာ ထိုဒေသများပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤနယ်မြေများအနေဖြင့် ပြည်ထောင်စုက စီမံဆောင်ရွက်လျက်ရှိသော လုံခြုံရေး၊စီးပွားရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ သယံဇာတ တူးဖော်ထုတ်လုပ်ရေး၊ သစ်တောများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းများကို မထိခိုက်စေဘဲ မိမိတို့နယ်မြေ၏ လုံခြုံရေး၊လူဦးရေတိုးတက်မှု၊ စားနပ်ရိက္ခာရရှိနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေး၊ ရာသီဥတုအခြေအနေများနှင့် ကိုက်ညီသင့်လျော်မည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဖော်ထုတ်ရေးကို ဆောင်ရွက်စေသင့်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု၏ ဥပဒေများနှင့် မဆန့်ကျင်စေဘဲ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဖော်ထုတ်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသို့ ဆောင်ရွက်ခွင့်ပြုသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း"**ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထည့်သွင်းစဉ်းစား

ဤအကြံပြုချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ ဖော်ထုတ်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ခွင့်ကို ပြည်ထောင်စုကို ပေးအပ်ထားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းသည့်အခါတွင် လုပ်ပိုင်ခွင့်၊ ဆောင်ရွက်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ဥပဒေထဲတွင်ဖြစ်စေ၊ လိုအပ်လျှင် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်း၍ဖြစ်စေ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း၊ ဤအကြံပြုချက်ထဲ၌ပင် အဓိကအားဖြင့် ပြည်ထောင်စု၏ဥပဒေနှင့် မဆန့်ကျင်စေဘဲ ဆောင်ရွက်ခွင့် ပြုသင့်ကြောင်း တင်ပြထားသည့်အတွက် ပြည်ထောင်စုက သက်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းသည့်အခါ ဤအကြံပြုချက်များကို ထည့်သွင်းစဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားပါကြောင်း ပြန်ကြားအပ်ပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ် အများအပြား၏ အကြံပြုချက်များနှင့်အညီ-

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စနှင့် စပ်လျဉ်းပြီး-

"၁။ မြေယာစီမံခန့်ခွဲမှု၊
၂။ မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း၊
၃။ ကြေးတိုင်နှင့် မြေစာရင်း၊
၄။ မြေတိုင်း၊
၅။ ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ၊
၆။ မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊
၇။ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊
၈။ စက်မှုလယ်ယာ၊
၉။ စိုက်ပျိုးရေးသုတေသန၊
၁၀။ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးထုတ်လုပ်ရေး၊
၁၁။ ပင်လယ်ငါးလုပ်ငန်း၊
၁၂။ တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့်သုတေသနလုပ်ငန်းများ"

ဟုလည်းကောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး-

"၁။ လယ်ယာစိုက်ပျိုးရေး၊
၂။ အပင်နှင့်သီးနှံဖျက်ပိုးမွှား ရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေး၊
၃။ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး၊
၄။ စိုက်ပျိုးရေး ချေးငွေနှင့်စုငွေများ၊
၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊
၆။ ရေချိုငါးလုပ်ငန်း၊
၇။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန်မွေးမြူရေး နှင့် စနစ်တကျ ထိန်းကျောင်းရေး"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့် မူများချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

စွမ်းအင်၊လျှပ်စစ်၊သတ္တုနှင့်သစ်တောကဏ္ဍ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွန့်က **"စွမ်းအင်၊လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ"**ကို ဖတ်ကြားတင်ပြရာတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့တွင် ဖော်ပြသင့်သည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍအောက်တွင် ပါရှိရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ ခုနှစ် မေ ၁၉ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါကြောင်း။ ယင်းရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး **စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်-**

"၁။ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စုဥပဒေအရ ဘေးအန္တရာယ်ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်အခဲ စသည်များ၊
၂။ ပြည်ထောင်စုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊
၃။ သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမားဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပြန်လည်ပြုပြင် တည်ဆောက်ရေး၊

စာမျက်နှာ ၇ ကော်လံ ၁

မိမိနိုင်ငံတွင် ပင်လယ်ကမ်းရိုးတန်း မိုင်ပေါင်း ၁၃၈၅မိုင်ခန့် ပိုင်ဆိုင်ထားရာ ပင်လယ်မှသတ္တုများ များစွာရနိုင် ပင်လယ်သယံဇာတများကို ပြည်ထောင်စုကထုတ်ယူသုံးစွဲနိုင်အောင် စီမံသင့်ကြောင်း ဖြည့်စွက်အကြံပြု

စာမျက်နှာ ၆ မှ

၄။ ကျောက်မျက်ရတနာ၊
၅။ ပုလဲ၊
၆။ သစ်တော၊
၇။ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး”နှင့်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

“၁။ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား၊ အလတ်စား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး၊
၂။ ဆားနှင့်ဆားထွက်ပစ္စည်း၊
၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊သွေးခြင်း၊
၄။ ကျေးရွာပိုင် ထင်းစိုက်ခင်း၊
၅။ အပန်းဖြေစခန်းများ၊တိရစ္ဆာန်ဥယျာဉ်၊ရုက္ခဗေဒဥယျာဉ်”

ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ ၊အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုင်း အမျိုးသားအဖွဲ့ချုပ်၊ မြို့(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အလိုက် သီးခြားအကြံပြုတင်ပြချက်များကိုလည်း ဆက်လက်တင်ပြသွားမှာဖြစ်ကြောင်း။

ပြည်ထောင်စုကထုတ်ယူနိုင်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က **“ပင်လယ်ကမ်းရိုးတန်းမိုင်ပေါင်း ၁၃၇၅ မိုင်ခန့် ရှည်လျားစွာပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံတွင် အတတ်ပညာနှင့် အရင်းအနှီးရှိလာလျှင် ပင်လယ်က သတ္တုတွေများစွာရနိုင်ပါလိမ့်မည်ဖြစ်ကြောင်း၊ (Continental Shelf)ခေါ်သည့် ကမ်းဦးရေတိမ်ပိုင်း ပင်လယ်ကြမ်းပြင်တွင် အဖိုးတန် သယံဇာတများ များစွာရှိပါကြောင်း၊ ပင်လယ်ရေကုဗတစ်မိုင်အတွင်း၌ အဖိုးထိုက်တန်သည့်ဓာတ်သတ္တုမျိုးစုံ များပြားစွာ ရရှိနိုင်ကြောင်းလေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် အမိနိုင်ငံတော်၏ ပင်လယ်ပိုင်နက်မှ အဖိုးတန် သတ္တုရတနာများကို ထုတ်ယူသုံးစွဲနိုင်အောင် တက္ကသိုလ်များတွင် အဏ္ဏဝါသိပ္ပံဘာသာရပ်ကို ယခုဦးစားပေးပြီး သင်ကြားသည်ကို သိရပါကြောင်း၊ ခေတ်မီအဆင့်မြင့်မားသည့် နည်းပညာများကျွမ်းကျင်အောင် ဦးစားပေးသင်ကြားစေပြီး ဤပင်လယ်သယံဇာတများကို ပြည်ထောင်စုက ထုတ်ယူသုံးစွဲနိုင်အောင် စီမံသင့်ပါကြောင်း ဖြည့်စွက်အကြံပြုတင်ပြပါကြောင်း။**

ထို့အပြင် စက်မှုကဏ္ဍထွန်းကားလာခြင်း၊ စက်တပ်ယာဉ်များ တိုးတက်များပြားလာခြင်း၊ အိုးအိမ်အဆောက်အအုံများပြားခြင်း၊ လူဦးရေများတိုးတက်လာခြင်းတို့ကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုဖြစ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ရပ်ကွက်၊ ကျေးရွာနှင့် မြို့ပြများ တိုးချဲ့ရာတွင် ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြနယ်နိမိတ်၏ ၂၅ ရာခိုင်နှုန်းခန့်ကို မြေလပ်၊ မြေကွက်များ ထားရှိသင့်ပါကြောင်း၊ ၎င်းမြေကွက်၊ မြေလပ်များတွင် သစ်ပင်များ၊ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ ထားရှိခြင်းဖြင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်မည်ဖြစ်ခြင်းကြောင့် မြို့ပြသစ်တောများ ထူထောင်ခြင်း (Urban Forestation) နှင့် စပ်လျဉ်း၍ သစ်တောဥပဒေပြဋ္ဌာန်းသည့်အခါတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ဤအကြံပြုချက်သည် ကောင်းမွန်သင့်မြတ်ပါကြောင်း၊ နောင်ဥပဒေများပြဋ္ဌာန်းသည့်အခါ ဤအကြံပြုချက်များကို ထည့်သွင်းစဉ်းစားနိုင်အောင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ထပ်မံဖြည့်စွက်ပေးရန်တင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ခြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က “ကာကွယ်ရေးကဏ္ဍကို အကြံပြုရာ၌ အဏုမြူစွမ်းအင်နှင့်ပတ်သက်သော အခြေခံမူအား စွမ်းအင်၊လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုတင်ပြခဲ့ကြပါကြောင်း၊ ထို့ကြောင့် အဏုမြူစွမ်းအင်၊အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့်ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များတွင် အတတ်ပညာများဟူသော စကားရပ်အား ထပ်မံဖြည့်စွက်ပြီး အသေးစိတ်အခြေခံမူတစ်ရပ်အဖြစ် ထည့်သွင်းပေးပါရန်နှင့် ဆေးဖက်ဝင်အပင်များ၊ ရှားပါးအပင်များ၊ မျိုးတုံးရန် အန္တရာယ်နှင့် ကြုံတွေ့နေရသော အပင်နှင့် တိရစ္ဆာန်များကာကွယ်ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေး အချက် ထပ်မံဖြည့်စွက်ပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်အဆင့် ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သော လုပ်ငန်းများမှအပ ဒေသတွင်းစီးပွားဖြစ် ထုတ်လုပ်နိုင်ခြင်းမရှိသည့် အနည်းငယ်မျှသာထွက်ရှိသော ရေနံ၊ သဘာဝဓာတ်ငွေ့များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အာဏာပိုင်များက ထုတ်လုပ်နိုင်သည့်လုပ်ပိုင်ခွင့်များကို နိုင်ငံတော်မှဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၌ပါရှိသည့် အသေးစိတ်အခြေခံရမည့်မူများမှ အောက်ပါအချက်များကို စကားရပ်အစားထိုးပြင်ဆင်ပေးနိုင်ပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

“အမှတ်စဉ်(၁) ‘ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား၊ အလတ်စား၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ’ဟူသော စကားရပ်အစား **‘ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ’**ဟူသောစကားရပ်ဖြင့်လည်းကောင်း။

အမှတ်စဉ်(၃) ‘တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း’ ဟူသော စကားရပ်အစား **‘တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း ကျောက်မျက်ရတနာများရှာဖွေ တူးဖော်ခြင်း၊ ရောင်းချခြင်း၊ ဖြတ်တောက်ခြင်း၊ အချောကိုင်ခြင်း၊ ရတနာပြပွဲပြုလုပ်ခြင်း’** စကားရပ်ဖြင့် လည်းကောင်း။

အမှတ်စဉ်(၄) ‘ကျေးရွာပိုင် ထင်းစိုက်ခင်း’ဟူသော စကားရပ်အစား **‘ကျေးရွာပိုင်ထင်းစိုက်ခင်း၊ အစုအဖွဲ့ပိုင်စိုက်ခင်း၊ ပုဂ္ဂလိကပိုင်စိုက်ခင်း’**စကားရပ်ဖြင့်လည်းကောင်း။

အမှတ်စဉ်(၅) ‘အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်’ စကားရပ်အစား**‘အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်များ၊ ရုက္ခဗေဒဥယျာဉ်များ၊ ပရဆေးပင်စိုက်ပျိုးခြင်း၊ ကျွန်းအပါအဝင် ပုဂ္ဂလိကပိုင်သစ်တောစိုက်ခင်း’** စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်ဖြည့်စွက်ပြီး **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များလုပ်ပိုင်ခွင့်ရရှိရေးအတွက် နိုင်ငံတော်မှဥပဒေပြဋ္ဌာန်းရာတွင် အထက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားပေးပါရန်** အကြံပြုတင်ပြအပ်ပါကြောင်း”

ဟု အကြံပြုတင်ပြသွားပါကြောင်း။

ဤအကြံပြုချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် အဏုမြူစွမ်းအင်နှင့်သက်ဆိုင်သည့် အခြေခံမူအား စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍတွင် ထည့်သွင်းဖော်ပြပေးရန်ကိစ္စနှင့်စပ်လျဉ်းပြီး ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍတွင် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါကြောင်း။

စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းမရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ လုပ်ပိုင်ခွင့်ပေးရန် အကြံပြုတင်ပြချက်နှင့်ပတ်သက်၍ နောင် ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းသည့်အခါ ဤအကြံပြုချက်ကို ထည့်သွင်းစဉ်းစားနိုင်အောင် မှတ်တမ်းတင်ထားမည် ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ဆေးဖက်ဝင်အပင်များ၊ ရှားပါးအပင်များ၊ မျိုးတုံးရန် အန္တရာယ်နှင့် ကြုံတွေ့နေရသော အပင်နှင့်တိရစ္ဆာန်များကာကွယ်ထိန်းသိမ်းရေး၊ စောင့်ရှောက်ရေးဆိုသည့်အချက်ကို ထပ်မံဖြည့်စွက်ပေးရန် အကြံပြုထားသည်ကို တွေ့ရပါကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့သည့် ပြည်ထောင်စုဥပဒေပြုစာရင်း၏ အမှတ်စဉ်(၇)တွင် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများအပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေးဆိုသည့်အချက်ပါရှိပြီးဖြစ်နေသဖြင့် ယခုအကြံပြုခဲ့သည့် အချက်သည် ယင်းစကားရပ်၏အဓိပ္ပာယ်ထဲတွင် သက်ဆိုင်အကျုံးဝင်ပြီးဖြစ်ကြောင်း သုံးသပ်ရရှိပါကြောင်း။

တစ်ပြေးညီဖြစ်ရေးပြဋ္ဌာန်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကို ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပြုခွင့်ကိုပေးထားခြင်းဖြစ်ပါကြောင်း၊ ကျောက်မျက်ရတနာရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ရောင်းချခြင်း၊ ရတနာပြပွဲပြုလုပ်ခြင်းစသည့် ကျောက်မျက်ရတနာလုပ်ငန်းများနှင့်သက်ဆိုင်သည့် အခြားလုပ်ပိုင်ခွင့်များမှာ ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေများတွင် တစ်နိုင်ငံလုံးတစ်ပြေးညီဖြစ်စေရေးအတွက် ထည့်သွင်းပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ဤအစုအဖွဲ့ကပင် အကြံပြုတင်ပြခဲ့သည့် ကျေးရွာပိုင် ထင်းစိုက်ခင်းဆိုသည့်စကားရပ်အစား ‘ကျေးရွာပိုင်ထင်းစိုက်ခင်း၊ အစုအဖွဲ့ပိုင်စိုက်ခင်း၊ ပုဂ္ဂလိကပိုင်စိုက်ခင်း’ဟု အစားထိုးပြင်ဆင်ပေးရန် ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြလိုပါကြောင်း။

ဤကဏ္ဍတွင်ပါရှိသည့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့် ကျေးရွာပိုင်ထင်းစိုက်ခင်းဆိုသည့်စကားရပ်နှင့် ပတ်သက်၍ ‘ကျေးရွာပိုင်’ဟု သုံးနှုန်းခြင်းသည် အဓိပ္ပာယ်ကျဉ်းမြောင်းနေသည်ဟု လုပ်ငန်းကော်မတီက ယူဆပါကြောင်း၊ ‘ကျေးရွာထင်းစိုက်ခင်း’ ဟု သုံးနှုန်းလိုက်ခြင်းဖြင့် အဓိပ္ပာယ်ပိုမိုကျယ်ဝန်းလေးနက်စေပြီး ကျေးရွာ၌နေထိုင်ကြသူများ စိုက်ပျိုးသည့်ထင်းစိုက်ခင်းအပါအဝင် ပုဂ္ဂလိကပိုင်ရော၊ အစုအဖွဲ့ပိုင် ထင်းစိုက်ခင်းများပါအားလုံး အကျုံးဝင်သွားစေမည်ဖြစ်ကြောင်း သုံးသပ်ရရှိပါကြောင်း။

အစားထိုးပြင်ဆင်

ဤအချက်နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ကြောင်း၊ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ညီလာခံအစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ပါကြောင်း၊ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အများအပြားက မူလတင်ပြခဲ့သည့် ‘ကျေးရွာပိုင်ထင်းစိုက်ခင်း’ဆိုသည့် စကားရပ်အစား ‘ကျေးရွာထင်းစိုက်ခင်း’ဟု အစားထိုးပြင်ဆင်ရန် အကြံပြုခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

အလားတူပင် ရုက္ခဗေဒဥယျာဉ်များဆိုသည့် စကားရပ်သည် လွန်စွာအဓိပ္ပာယ်ကျယ်ဝန်းကြောင်း၊ ရုက္ခဗေဒဥယျာဉ်ထဲတွင် ပရဆေးပင်၊ ကျွန်းပင် အပါအဝင် အခြားအပင်မျိုးစုံပါဝင်နေမည်ဖြစ်၍ အပင်များကို သီးခြားအမည်ထည့်သွင်းရန် မလိုအပ်ကြောင်း သုံးသပ်ရရှိကြောင်း။

အကြံပြုချက်ကောင်းမွန်

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့ကပင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ပါရှိသည့် **‘ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား၊ အလတ်စားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ’ဟူသောစကားရပ်အစား ‘ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ’ ဆိုသည့် စကားရပ်နှင့် အစားထိုးရန် အကြံပြုတင်ပြသွားသည်ကို တွေ့ရပါကြောင်း၊ ဤအကြံပြုချက်သည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အလတ်စား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးနှင့် သက်ဆိုင်သည့်ဥပဒေကို ပြဋ္ဌာန်းခွင့်ပြုသည့် သဘောသက်ရောက်ပါကြောင်း၊ ဤအကြံပြုချက်သည် ကောင်းမွန်သင့်လျော်ပြီး အလေးအနက်ထား စဉ်းစားသင့်ပါကြောင်း။**

အစားထိုးရန်အကြံပြု

သို့သော်လည်း ဤသို့ဥပဒေပြုခွင့်ပေးသည်မှာ နိုင်ငံတော်က ကြီးကြပ်ကွပ်ကဲသည့် မဟာဓာတ်အားလိုင်းများနှင့် သက်ဆိုင်မှုမရှိရန် လိုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤဥပဒေပြုခွင့်နှင့်စပ်လျဉ်း၍ ခြွင်းချက်အနေဖြင့် ထည့်သွင်းဖော်ပြပြီး ‘ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်း မရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေး’ဟု ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း သုံးသပ်ရရှိသည့်အတွက် ယင်းအချက်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ပါကြောင်း၊ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့် သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြပါကြောင်း၊ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အများအပြားက မူလကတင်ပြခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းရှိ အမှတ်စဉ်(၁)ပါ အသေးစိတ်အခြေခံရမည့်မူကို ဖော်ပြပါမူနှင့် အစားထိုးပြင်ဆင်ရန် အကြံပြုခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားပါကြောင်း။

ယင်းအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါသင့်သည့်အကြောင်းအရာ ကိစ္စများနှင့်ပတ်သက်၍ ဆက်လက်အကြံပြုတင်ပြလိုပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်တို့သည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြု ဆက်စပ်လျက်ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းမရှိပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိတ်တိုင်းကျ ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ နိုင်ငံတော်၏ သစ်တောသယံဇာတများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အနီးကပ် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ခွင့်ကို ပေးအပ်ထားခြင်းအားဖြင့် ရေရှည်တွင် အကျိုးစီးပွား ဖြစ်ထွန်းလာနိုင်ဖွယ်ရာရှိပါကြောင်း။

ရိုးသားစွာအကြံပြုတင်ပြ

သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သဘာဝသစ်တောထိန်းသိမ်းရေး၊ စီးပွားဖြစ်သစ်တောများ ပြုစုပျိုးထောင်ရေး၊ နိုင်ငံတော်မှ တားမြစ်ထားသော သစ်အမျိုးအစားများမှအပ အခြားသစ်နှင့် သစ်တောထွက်ပစ္စည်းများ ဝယ်ယူရောင်းချခြင်းဆိုင်ရာကိစ္စများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ သင့်လျော်သကဲ့သို့ စဉ်းစားဆောင်ရွက်ပေးသင့်ပါကြောင်း ရိုးသားစွာအကြံပြုတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ဤအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရလျှင် ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းသည့်အခါ အဆင့်ဆင့်လုပ်ပိုင်ခွင့်များရရှိအောင် ပြဋ္ဌာန်းပေးသွားမည်ဖြစ်ပါကြောင်း၊ နောင်ဥပဒေပြုသည့်အခါ ဤအကြံပြုချက်များကို ထည့်သွင်းစဉ်းစားနိုင်အောင် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ပြည်နယ်များသို့ ခွဲဝေပေးသင့်

ယင်းကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ ***စာမျက်နှာ ၁၃ ကော်လံ ၁***

စစ်ကြောင်းကြီးများ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများ ဆက်လက်လေ့ကျင့် ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅ နာရီခွဲမှ ၉ နာရီခွဲအထိ ရန်ကုန်မြို့ မြို့မကွင်း၌ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ရာ၌ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်အောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်မှုများကို နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ယာပုံ)** **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်နှင့်ဆောင်းပါးပြိုင်ပွဲ ဆုရသူများထုတ်ပြန်

ရန်ကုန် မတ် ၄

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကျင်းပသော ဝတ္ထုရှည်ပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများမှ ဆုရရှိသူများအမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

ဝတ္ထုရှည်ပြိုင်ပွဲတွင် တင်အောင်စိုး(ပန်းမြို့တော်)၏ **'ကျွန်းတစ်ထောင် နှလုံးသား'**က ပထမ၊ ကိုထွေး(ကလောဂျီတီအိုင်)၏ **'စွန့်လွှတ်သူအတွက် နှလုံးသားဆိုင်ရာ အမြင့်မားဆုံးပိုင်ဆိုင်ခွင့်ဆု'**က ဒုတိယ၊ သင်မိုးနီ၏ **'တပ်ထဲကဖေဖေ'**က တတိယ၊တက္ကသိုလ်မောင်သန့်ဇင်၏ **'တုန့်ရှိုင်းဖွယ်ရာမရှိပါ'**၊ ဝမ်းထက်မိုး(ဖိုန့်-အောင်လံ)၏ **'အသက်နှင့်ခန္ဓာကြွေပျက်ကာပြုန်းစေဦးတော့'**၊ စိုးနောင်(ပေါက္ကံ)၏ **'ခိုင်မြဲလေသော သစ္စာသည်သာလျှင်'**၊ ဇော်မြင့်သိန်း၏ **'သွေးသစ္စာနှင့် သက်သေတည်'**၊ မောင်စိုးထိုက်(သုံးဆယ်)၏ **'စွန့်လွှတ်စွန့်စားတဲ့ ဂုဏ်ဒြပ်တွေကို'**၊ သာခုမြေ-ဘုန်းရှိန်၏ **'ကမ်းသောင်ခုံ ပန်းရောင်စုံကြွေတဲ့ပွဲ'**၊ ရဲညီလှိုင်၏ **'ပန်းရိုင်းချစ်သူ'**နှင့် မင်းချစ်ဦး၏ **'လိပ်စာမပြည့်စုံသော စာလေးများအကြောင်း'**တို့က အထူးဆုများ အသီးသီးရရှိကြသည်။

'တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ' ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲတွင် သပြေနုက ပထမ၊ အေးသန်း(လက်ပံတန်း)က ဒုတိယ၊ မသူဇာဝင်းက တတိယ၊ ချမ်းမြအောင်၊ ဝင်းထက်(ကွမ်းခြံကုန်း)၊ ကိုရေချမ်း၊ နံ့သာသင်းအောင်၊ ကျော်ဇောလင်း(မကွေး)၊ မြင့်မြတ်ဦး(မြဝတီ)၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ရွှေထိပ်ထား(ဥပဒေ)၊ ဟေမာန်နှင်း(ပြည်)နှင့် မောင်မျိုးအောင်(ပန်းရော)တို့က အထူးဆုများ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ၂၀၀၅ခုနှစ် မတ် ၂၇ရက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများတက်ရောက် ယူရမည်ဖြစ်ရာ ဦးကိုကိုထွေး(အတွင်းရေးမှူး)စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၃ရက်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများထုတ်ပြန်

ရန်ကုန် မတ် ၄

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကျင်းပသော ဝတ္ထုတိုပြိုင်ပွဲမှ ဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

ပြိုင်ပွဲတွင် ထွန်းနိုင်၏ **'စစ်သားတို့အသည်း'**က ပထမ၊ ဥမ္မာတင်၏ **'ချစ်ပန်းတွေဝေ'**က ဒုတိယ၊ သဲမြညာ၏ **'သစ္စာခိုင်ခိုင်'**က တတိယ၊ မောင်(မကွေး)၏ **'မုန်တိုင်းထန်ငြိုးရန်ကင်း ပန်းသင်းတဲ့လေပြည်'**၊ ထွေးကြည်(သလ္လာဝတီ)၏ **'သစ္စာမဲ့သူ မရှိပါ'**၊ မောင်ချိုဝေ၏ **'ခရမ်းဖျော့ရောင် အင်္ကျီတစ်ထည်အကြောင်း'**၊ ချစ်သဲဖြူဖြူ၏ **'အလင်းစကား၏ နောက်ဆက်တွဲစာမျက်နှာ'**၊ မာဃိန္ဒ(ပုသိမ်ကြီး)၏ **'ရွှေနိုင်ငံသူရဲကောင်းများသို့'**၊ ရဲရဲထွန်း(ဟသ်ာတ)၏ **'သမိုင်းမော်ကွန်း မြစ်ဝကျွန်းပေါ် ဗိုလ်မြတ်ထွန်းဟုခေါ်သတည်း'**၊ နွေးထက်လှိုင်၏ **'ဝါးပင်ပျိုတို့ တေးဆိုသံ'**၊ ဇော်မြင့်သိန်း၏ **'ဇာနည်စစ်သည်တာဝန်ကျေမည်'**၊ ထင်လင်းအောင်(မြို့ပြ)၏ **'ရွှေပြည်သစ်ဆီလှမ်းမျှော်ရည်'**နှင့် မသန်းလွင်(ဟဲဟိုး)၏ **'ကြယ်စုံဝန်းခ ငွေလထိန်ထိန်သာသောအချိန်'**တို့က အထူးဆုများ အသီးသီး ရရှိကြသည်။

လူကိုယ်တိုင်သတင်းပို့

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ၂၀၀၅ ခုနှစ် မတ် ၂၇ ရက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများတက်ရောက်ယူရမည်ဖြစ်ရာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ဦးကိုကိုထွေး အတွင်းရေးမှူး စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၃ ရက်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ဂုဏ်ပြုကြိုဆို သွေးလှူဒါန်း

ရန်ကုန် မတ် ၄

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင် ၆၀ တို့သည် ယနေ့နံနက် ၉ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံသို့ လာရောက်၍ သွေးလှူဒါန်းကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ဂုဏ်ပြု အမှာစကားပြောကြားပြီး တပ်မတော်ဆေးရုံကြီးမှ ဗိုလ်မှူးကြီးမျိုးညွန့်က ကျေးဇူးတင်စကား ပြောကြား၍ ဒုတိယဗိုလ်မှူးကြီး ဒေါ်စန္ဒာဆွေက သွေးလှူရှင်များနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် သွေးလှူရှင်ဂုဏ်ပြုလွှာ မှတ်တမ်းကို ပေးအပ်ပြီး သွေးလှူဒါန်းကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုဒုံအသင်း(ရန်ကုန်) ဂုဏပူဇာသဘင်

ရန်ကုန် မတ် ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုဒုံမြို့နယ် ကမာဝက်ရွာ ဓာတ်တော်တိုက် ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တဥပါလိတ၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုဒုံမြို့ ဂျုံးဂျုံးကျတောရစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုန္တာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ မုဒုံမြို့နယ် ကော့ပုံစံပြကျေးရွာ သာသနာဝေပုလ္လာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဥပါလိတို့အား မုဒုံအသင်း(ရန်ကုန်) အသင်းသူ အသင်းသားများက ပူဇော်သော ဂုဏပူဇာသဘင်ကို မတ် ၂၅ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်ဓမ္မာရုံ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်၌ ဆင်ယင်ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် မုဒုံသံယောဇဉ်ရှိသော စေတနာရှင်များ ရန်ကုန်ရောက် ဖော်ပြပါ ဆရာတော်အရှင်မြတ်သုံးပါးတို့၏ ဒါယကာ၊ဒါယိကာမများ စသည့်မည်သည့် ပုဂ္ဂိုလ်မဆို တက်ရောက်ကြည်ညို လှူဒါန်းပူဇော်နိုင်ကြပြီး အလှူငွေများကို ဦးအေးကျော် ဖုန်း-၀၉-၈၀-၃၄၅၁၇၊ ဦးကြည်ထွန်းဖုန်း-၅၇၀၈၈၂၊ဦးအောင်ဖေ ဖုန်း-၅၆၆၁၆၆နှင့် ဦးသာလှ ဖုန်း-၅၃၉၄၅၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေကျင်နိကာယဝိနယာဓိက ပရိယတ္တိစာမေးစာပြန်ပွဲတော်

ရန်ကုန် မတ် ၄

နိုင်ငံတော်သြဝါဒါစရိယ အဘိဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက စုဒ္ဒသမ ရွှေကျင်သာသနာပိုင် မန္တလေး ဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီ ဝါဆိုဆရာတော်ကြီး ကြီးမှူးကျင်းပသော တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက်၏ (၄၄)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနယာဓိက ပရိယတ္တိစာမေးစာပြန်ပွဲတော်ကို မတ်၆ရက်အထိ ကျင်းပလျက်ရှိသည်။

ညစဉ် တရားပွဲများအဖြစ် မတ် ၅ ရက်တွင် ရန်ကုန်မြို့ ပါဠိကာရီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အင်္ဂိသက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်ပြီး မတ်၆ရက် မွန်းတည့် ၁၂ နာရီတွင် စာအောင် သံဃာတော်မြတ်များအား ဆုနှင်းသဘင် ကျင်းပမည်ဟု သိရသည်။

(က-ပ)

သာယာမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး တက်ရောက်မှာကြား

ရန်ကုန် မတ် ၄

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာနှစ်(၆၀)ပြည့်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးကို မကြာမီကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပတော့မှာ ဖြစ်ကြောင်း၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေး ကော်မတီ အသီးသီးက တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်နေသည်ကိုကျေနပ်အားရဖွယ် တွေ့ရှိရကြောင်း၊ တပ်မတော်၏ မွန်မြတ် ထွန်းပြောင်သော အစဉ်အလာကောင်းများနှင့်အညီကော်မတီ အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်နေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရာတွင်လည်း ယခုထက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် လုပ်နေကျထက် တိုးပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

စစ်ရေးပြအခမ်းအနား ပြင်ဆင်ရေး၊ စစ်ရေးပြ တပ်မတော်သားများ၏ စစ်ရေးပြအရည်အသွေးအဆင့်အတန်းပိုမိုမြင့်မားရေး၊ စည်းကမ်းကောင်းမွန်ရေး၊ ကျန်းမာကြံ့ခိုင်ရေးတို့အတွက် လိုအပ်သော အုပ်ချုပ်မှု ကိစ္စရပ်များ၊ သက်သာချောင်ချိရေးကိစ္စရပ်များကို ကော်မတီများက လုပ်ငန်းကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် လိုအပ်ချက်များကို ဦးစီးကော်မတီသို့ တင်ပြကြရန်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြသည်။

ကဏ္ဍအလိုက်ဆွေးနွေး

ဆက်လက်၍ စစ်ရေးပြလုပ်ငန်းအဖွဲ့၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်းခင်းကျင်းပြသရေး ကော်မတီ၊ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၊ ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၊ တက္ကသိုလ်၊ကောလိပ်၊သိပ္ပံ၊ ကျွမ်းကျင်ပညာရှင်များ အဆင့်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြော ပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အပါအဝင် ကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကော်မတီအလိုက် လုပ်ငန်းများအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်း အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ပြခန်းတွင်ခင်းကျင်းပြသမည့် ပန်းချီကား(Centre Piece)ပုံစံ ငယ်ကိုကြည့်ရှုစစ်ဆေးချယ်ပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်း အဝေး၌ အမှာစကားပြောကြား စဉ်။

(သတင်းစဉ်)

လက်မကို ခြေညှိုးဖြင့်အစားထိုး ခွဲစိတ်ကုသမှု အောင်မြင် ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

ရန်ကုန် မတ် ၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းအောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဟံသာဝတီလမ်းရှိ အရိုးရောဂါအထူးကု ဆေးရုံကြီး၌ ပြတ်တောက်သွားသော လက်မကို ခြေညှိုးဖြင့် အောင်မြင်စွာ အစားထိုးခွဲစိတ်ကုသပေးနိုင်ခဲ့မှုကို သွားရောက်ကြည့်ရှုစစ်ဆေး အားပေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား အရိုးရောဂါအထူးကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ လက်မကို ခြေညှိုးဖြင့် အစားထိုး ခွဲစိတ်ကုသမှု အဖွဲ့ခေါင်းဆောင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က ခွဲစိတ်ကုသပေးမှုအဆင့်ဆင့်ကို ဓာတ်ပုံဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကိုဖြည့်ဆည်း မှာကြားသည်။

လက်မကိုခြေညှိုးဖြင့် အစားထိုး ခွဲစိတ်ကုသမှုခံယူခဲ့သော အသက် (၂၀)ရှိ မောင်ရီခိုင်သည် လှိုင်သာယာမြို့နယ်မှ လွှစက်လုပ်သားတစ်ဦးဖြစ်ပြီး ၂၀-၁၁-၂၀၀၄ ရက်တွင် လွှစက်ထိခိုက်မှုကြောင့် ဝဲလက် လက်မ ပြတ်တောက်မှုဖြစ်ခဲ့သည်။ ၎င်းသည် လှိုင်သာယာမြို့နယ် ပြင်ပဆေးကုခန်း၌ ဆေးဝါးကုသမှုခံယူပြီးမှ ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့သည်။

ဆုံးဖြတ်ခဲ့

ဒေါက်တာခင်မောင်မြင့်နှင့်အဖွဲ့သည် ၂၂-၁၁-၂၀၀၄ ရက်တွင် လူနာ၏ဒဏ်ရာကို စစ်ဆေး၍ ရောဂါပိုးများ သန့်စင်အောင် ကုသပေးခဲ့ပြီး ထိခိုက်သည့် လက်မကို ၁၃-၁-၂၀၀၅ ရက်တွင် အစားထိုး ခွဲစိတ်ကုသပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

လူနာ၏လက်မနေရာတွင် လက်အသားအရည်နှင့် အနီးစပ်ဆုံး ခြေညှိုးကိုပြောင်း၍ အစားထိုးတပ်ဆင်ပေးရန် လူနာရှင်မိသားစုကသဘောတူညီခဲ့သည့်အတွက် ခွဲစိတ်ကုသပေးခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

အဆိုပါ လက်မကို ခြေညှိုးဖြင့် အစားထိုးခွဲစိတ်ကုသမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံနှင့်အိန္ဒိယသမ္မတနိုင်ငံများတွင် ပြုလုပ်နိုင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတွင်လည်း မြန်မာခွဲစိတ်အထူးကု ဆရာဝန်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အောင်မြင်မှု ရရှိခဲ့သည်။

စတင်အသုံးပြုနိုင်

မြန်မာလက်ပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၏ကြိုးပမ်းမှု၊ ဆေးရုံအုပ်ကြီး ဒေါက်တာညွှန့်လှိုင်နှင့် ဆရာဝန်များ၊ သူနာပြုများ၏ ဝိုင်းဝန်း ပံ့ပိုးကူညီဆောင်ရွက်မှုကြောင့် ပြတ်တောက်သွားသည့် လက်မကို ခြေညှိုးဖြင့်အစားထိုး ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အတွက် လူနာ မောင်ရီခိုင်၏ အရေးကြီးသည့် လက်မသည် စတင် အသုံးပြုနိုင်သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်သည်။

နောက်ထပ်အစီအစဉ်အနေဖြင့် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်မှ စက်ရုံလုပ်သား အသက် (၂၀)ရှိ မောင်မြဇော်သည် စက်ထိခိုက်မှုဒဏ်ကြောင့် လက်ချောင်းလေးချောင်း ပြတ်တောက်မှု ဖြစ်ပွားခဲ့ပြီး မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးမှ အရိုးရောဂါအထူးကုဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်ဆောင်သို့လွှဲပြောင်းပေးပို့သည့်အတွက် ခြေညှိုးများဖြင့် အစားထိုး ခွဲစိတ်ကုသပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီးဒေါက်တာမြဦးတို့သည် ထိခိုက်ဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့သည့် လူနာအား စစ်ဆေးအားပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၄

အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္ဘာဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၂၇)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ မတ် ၉ရက် ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂သို့ ဆက်သွယ်စာရင်းပေးသွင်းပြီး တရားစခန်းဖွင့်မည့် မတ် ၉ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

(က-ပ)

တရားဒေသနာတော်များ ဟောကြားမည်

ရန်ကုန် မတ် ၄

ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္ဘာ့ဌာနာစရိယ သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တနရပတိ(ဖြူး)ဆရာတော်သည် မတ် ၆၊၇ရက်တွင် မော်ကယ် တောင်ပေါ်ရွာ၊မတ်၉ရက်တွင် ဆွာမြို့၊ မတ် ၁၀ ရက်တွင် တံတားဦး မေဃဝန် စာသင်တိုက်၊မတ်၁၁ရက်တွင် စဥ့်ကိုင်၊ မတ်၁၃ရက်တွင် ကျောက်ဆည်၊မတ် ၁၄နှင့် ၁၅ရက်တွင် မော်လမြိုင်၊ မတ် ၁၆နှင့်၁၇ရက်တွင် မတ္တရာဗိုလ်ကုန်းရွာ၊ မတ်၁၈ရက်တွင် ဟံလင်းကြီးမြို့၊ မတ်၁၉ရက်တွင် ကို့ထောင်ဘို့ နောကုန်းရွာ၊ မတ် ၂၀ရက်မှ၂၂ရက်တွင် မဲဇာဥသျှစ်ကုန်း၊ မတ် ၂၃မှ၂၇ရက် အထိနန်းစီအောင်ပေကုန်းတရားစခန်းပွဲ၊ မတ် ၂၈ရက်တွင် ပင်ဘော၊ မတ် ၂၉ရက်မှ ၃၁ရက်အထိ လုံးခင်းတရားစခန်းတို့၌ တရားဒေသနာများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

၂၀၀၅ခုနှစ် အကောက်ခွန်နှစ်လည်မဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် မတ် ၄

၂၀၀၅ ခုနှစ် အကောက်ခွန်နှစ်လည်မဂ္ဂဇင်းကို သရုပ်ဆောင်သက်မွန်မြင့်၏ မျက်နှာဖုံးပုံဖြင့် ဖြန့်ချိထားသည်။ ယင်းမဂ္ဂဇင်းတွင် အကောက်ခွန်နေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံများ၊ နုယဉ်၊ ထီလာစစ်သူ၊ မြင်းမူမောင်နိုင်မိုး၊ မောင်ဟေမာ၊ နောင်၊ မောင်ကြင်နွယ်၊ သူရဇော်၊ အောင်လှထွန်း(ရွှေတိုင်)၊ တက္ကသိုလ်မင်းမော်၊ ချစ်ဒေါင်းနွယ်၊ ချိုမြနွယ်၊ နွေသင်နိုင်၊ မောင်သဲကြည်(မအူပင်)၊ ဝင်းဝေနောင်၊ မောင်ပြည့်လှိုင်း(သံတွဲ)၊ အေး(သတ္တာဗေဒ)၊ မင်းခင်ဇော်နှင့် အကောက်ခွန်စိုးဝင်းတို့၏ ကဗျာများ၊ ရင်သွေးကဏ္ဍတွင် ဇော်ဂျီ၊ မင်းသုဝဏ်၊ သိပ္ပံစိုးမြင့်နိုင်၊ နန္ဒာမိုးကြယ်၊ ပျဉ်းမနားမောင်နီသင်းနှင့် မင်းရွှေမင်း(အင်းစိန်)တို့၏ ကဗျာများနှင့် မောင်ခေတ်ထွန်း၏ပုံပြင်၊ မကြန်၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်လှပေါ် (မန္တလေး)၊ စောမုံညင်း၊ မောင်စူးစမ်း၊ မောင်ခင်မင်(ဓနုဖြူ)၊ ကိုရိုး၊ ဦးစန်းလွင်(တရားရုံးချုပ်ရှေ့နေ)၊ ဦးဗိုလ်သန်း၊ ပါရဂူ၊ မောင်မောင်သိမ်း (အာမခံ)၊ မောင်တိုး၊ ကျော်စိန်(ရှေ့နေချုပ်ရုံး)၊ ဓမ္မပိယဆရာတော်နှင့် မင်းနန် (မော်ကျွန်း)တို့၏ဆောင်းပါးများ၊ အိကြာကွေး၊ အဏ္ဏဝါစိုးမိုး၊ ခင်စော တင့်၊ မောင်ပေါ်ထွန်း၊ ရွှေသဥ္ဇာ၊ မစန္ဒာ၊ ရေနံမြေမောင်မောင်ကြည်၊ လွန်းထားထား (ဆေးတက္ကသိုလ်)၊ ဒေါက်တာခင်မောင်ညို၊ မုဒုံသုမွန်၊ ချမ်းမြ၊ မောင်စိုးနွေ(သုံးဆယ်)၊ အောင်ပန်းချောင်းသား(ရေစကြို)နှင့် ရွှေမြိတ်သောင်းတင်တို့၏ ဝတ္ထုများ၊ တင်မိုးလွင်၏ မော်ဒယ်မိတ်ဆက်၊ မောင်မြင့်သန်း (အောင်လံ)၏ နိုင်ငံရပ်ခြားဟာသ၊ အတိုဆုံးဝတ္ထုတိုကဏ္ဍ၊ ကာတွန်းနှင့် အကောက်ခွန်ဆိုင်ရာ သိကောင်းစရာ ဆောင်းပါးများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် အမှတ်(၁၃၂) ကမ်းနားလမ်း ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၌ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အငြိမ်းစားတို့ စကားဝိုင်း (၆)

၁၇-၂-၂၀၀၅ရက်နေ့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည် စတင်ကျင်းပသည်။ ထိုစုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

အဖွင့်မိန့်ခွန်းတွင် ဒီမိုကရေစီထွန်းကားတည်တံ့ရေးနှင့် ပတ်သက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က-

"ဒို့တာဝန်အရေးသုံးပါး ပြည့်စုံမှသာလျှင် ဒီမိုကရေစီရေးသည် အခွန့်ရှည်ကြာတည်တံ့နိုင်မှာဖြစ်ကြောင်း၊ တိုင်းပြည် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးနိုင်ပါမှ ထိုတည်ငြိမ်အေးချမ်းသည့် တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းကောင်းသည့် လူ့ပတ်ဝန်းကျင်တွင် ဒီမိုကရေစီတည်တံ့မှာ ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး ဆူပူသောင်းကျန်းမှုများရှိသည့်နိုင်ငံတွင် ဒီမိုကရေစီထွန်းကားမှု မဖြစ်နိုင်ကြောင်း၊ ထိုနိုင်ငံများတွင် အမည်ခံဒီမိုကရေစီသာရှိနိုင်ပြီး အကြမ်းဖက်မှုများနှင့် မင်းမဲ့စရိုက်များကြောင့် ဒီမိုကရေစီသည် တဒင်္ဂအားဖြင့်သာ တည်တံ့၍ ပျက်သုဉ်းပျောက်ကွယ်သွားကြသည်များရှိကြောင်း၊ ထို့ပြင် ပိုမိုဆိုးရွားသော အခြေအနေများနှင့် မူလကတည်တံ့ခိုင်မြဲနေခဲ့သော ပြည်ထောင်စုကြီးများ ပြိုကွဲသွားခဲ့ရမှု အခြေအနေများတို့ကို နိုင်ငံတကာဖြစ်ရပ်များတွင် သင်ခန်းစာအဖြစ် မျက်မြင်ကိုယ်တွေ့ မြင်ကြရမှာဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးသည် ခွဲခြား၍မရနိုင်သော လိုအပ်ချက်ဖြစ်ကြောင်း၊ ဒီမိုကရေစီ အခွန့်ရှည်ကြာထွန်းကားရေးအတွက်ဆိုပါက စည်းကမ်းရှိမှုသည် မဖြစ်မနေလိုအပ်သဖြင့် စည်းကမ်းရှိသော ဒီမိုကရေစီကိုမျှော်မှန်းထားခြင်းပင် ဖြစ်ကြောင်း၊ စည်းကမ်းရှိဖို့၊ တည်ငြိမ်အေးချမ်းဖို့၊ ဒီမိုကရေစီ တည်တံ့ဖို့အတွက် ပြည်သူလူထုနှင့် နိုင်ငံရေးအင်အားစုများအပေါ်တွင် များစွာတည်မှီနေကြောင်း၊ ဆူပူ သောင်းကျန်း အကြမ်းဖက်မှုစရိုက်နှင့် မင်းမဲ့စရိုက်များကင်းစင်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးများ ရှိနေရန်လိုသလို အမျိုးသားရေးအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်နိုင်စေမည့် အခြေခံအဆောက်အအုံများ ပြည့်စုံရန်လည်း အရေးတကြီးလိုအပ်ပါကြောင်း"

ပြောကြားသွားခဲ့သည်။

ထို့ပြင် အခြေခံဥပဒေရေးဆွဲရေးနှင့်ပတ်သက်ပြီးအတွင်းရေးမှူး(၁)က-

"ယခုကျွန်တော်တို့ ကြိုးပမ်းဖော်ဆောင်နေသည့် အခြေခံဥပဒေသည် အတိတ် သမိုင်းကြောင်းကို သင်ခန်းစာယူပြီး အလားတူအမှားအယွင်းများ၊ အားနည်းချက်များ မပါရအောင် သတိတရားကြီးစွာထားကာ အခြေခံမူများကို ချမှတ်ဖို့လိုမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲနှင့် တိုင်းတစ်ပါး သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား ပေါ်ပေါက်လာခဲ့ရသည့် သံသယအစွဲအလမ်းများကို ဖယ်ရှားသန့်စင်ပြီး ခိုင်မာသည့်အခြေခံဥပဒေ ပေါ်ပေါက်ရေးကို သဘောထားကြီးကြီး၊ အမြော်အမြင်ရှိရှိ၊ စိတ်ရှည်ရှည်ထားကာ အချင်းချင်းနားလည်မှု၊ စာနာထောက်ထားမှု အပြည့်အဝနှင့် လက်တွဲဆောင်ရွက်သွားကြဖို့ အထူးလိုအပ်ချိန် ဖြစ်ပါကြောင်း၊ ယနေ့ပြည်တွင်း၊ ပြည်ပအဖျက်သမားများသည် လက်ရှိလျှောက်လှမ်းနေသည့် အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်က သွေဖည်သွားစေဖို့ သဘောဆိုးနှင့် အမျိုးမျိုး သပ်လျှိုသွေးခွဲနေကြချိန်လည်းဖြစ်ပါကြောင်း"

ပြောကြားသွားခဲ့သည်။

"တပ်မတော်အနေဖြင့် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားကို ဘယ်တော့မှ မျက်ကွယ်ပြုမှာ မဟုတ်သလို တိုင်းရင်းသား ပြည်သူများ၏ တရားသည့် ရည်ရွယ်ချက်များ၊ မျှော်မှန်းချက်များ၊ ဆန္ဒများအောင်မြင်မှုရအောင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိပြီး ရိုးသားသည့် တိုင်းရင်းသားပြည်သူများနှင့် သေတူရှင်မခွဲ ခိုင်ခိုင်မြဲမြဲ လက်တွဲကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အပြည့်အဝ အောင်မြင်မှုရသည်အထိ ကြိုးပမ်းသွားဖို့ အလေးအနက် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါသည်"

ဟု ပြောကြားသွားခဲ့ခြင်းဖြင့် တပ်မတော်က တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အကျိုးစီးပွားအတွက် မျက်ခြည်ပြတ်မခံဘဲ လေးနက်ခိုင်မာစွာ ဆုံးဖြတ်ထားသည့် စိတ်ဓာတ်နှင့် ခံယူချက်ကို ဖော်ကျူးပြသခဲ့သည်။

ညီလာခံအဖွင့်နေ့တွင် သံတမန်များ၊ ပြည်တွင်း၊ပြည်ပ သတင်းထောက်များ တက်ရောက်လေ့လာခဲ့သလို ပြည်တွင်း၊ပြည်ပသတင်းထောက်များ၏ မေးမြန်းမှုကိုလည်း အတွင်းရေးမှူး(၁)က ရှင်းရှင်းနီးနီး ပြန်လည်ဖြေကြားခဲ့သည်ကိုတွေ့ခဲ့ရသည်။ ၁၇-၂-၂၀၀၅ရက်နေ့တွင်ပင် ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း အမျိုးသားညီလာခံ သတင်းရယူရန် လာရောက်ကြသည့် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မေးမြန်းချက်များကို ရှင်းရှင်းနီးနီး ပြန်လည်ဖြေကြားသွားခဲ့ကြောင်း သိရခြင်းဖြင့် တပ်မတော်အစိုးရ၏ အမျိုးသားညီလာခံနှင့်ပတ်သက်၍ ရိုးသားပွင့်လင်းမှုကို တွေ့မြင်ခဲ့ရသည်။

ထိုသို့ အမျိုးသားညီလာခံ ပြန်လည်စတင်ကျင်းပနေသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ကျွန်တော်တို့ အငြိမ်းစားများ စကားဝိုင်းဖွဲ့မိကြပြန်ပါသည်...။

"ဒို့နိုင်ငံမှာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၄နှစ်ကြာ ကျင့်သုံးခဲ့ရာက ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်ပေါ်ပေါက်လာလို့ အဲဒီအခြေခံဥပဒေဟာ ရပ်ဆိုင်းသွားခဲ့ရတယ်"

"၁၉၇၄ခုနှစ် အခြေခံဥပဒေကလဲ တစ်ပါတီစနစ်နဲ့အတူ ပုဂ္ဂလိကစီးပွားရေးကို မျက်ကွယ်ပြုခဲ့တဲ့ အားနည်းချက်တွေကြောင့် ပြည်သူလူထုက မကြိုက်နှစ်သက်တော့တာမို့ ရပ်ဆိုင်းသွားခဲ့ရပြန်တယ်"

"အေးလေ၊ ဒါကြောင့်မို့ ဒီလိုအားနည်း ချို့ယွင်းချက်တွေ မပါအောင် အခုရေးဆွဲမယ့် အခြေခံဥပဒေအတွက် အခြေခံမူတွေ ချမှတ်ရာမှာ အထူးသတိထား လုပ်ဆောင်နေကြတာပေါ့"

"အတိတ်သမိုင်းကြောင်းက သင်ခန်းစာတွေကို အနာဂတ်ကာလ ရည်မှန်းချက်တွေ အောင်မြင်ရန်အတွက် အခုပစ္စုပ္ပန်မှာ လိုအပ်သလို ဆင်ခြင်သုံးသပ် လုပ်ဆောင်နိုင်ကြမှသာ အကျိုးရှိမယ် မဟုတ်လား"

"ဒါကြောင့် ဒီနေ့အမျိုးသားညီလာခံကို တိုင်းရင်းသားညီအစ်ကို စုံလင်စွာနဲ့ လူတန်းစား အလွှာအသီးသီးက ကိုယ်စားလှယ်တွေပါဝင်ပြီး အကျယ်ပြန့်ဆုံး ကျင်းပနေတာပေါ့"

"အစုအဖွဲ့က ရှစ်ဖွဲ့ရှိတာ တွေ့ရတယ်။ အထူးသဖြင့် တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှာ တိုင်းနှင့်ပြည်နယ်အားလုံးက မြို့နယ်အဆင့်အထိ ကိုယ်စားလှယ်တွေ ပါဝင်တယ်လေ"

"နိုင်ငံရေးပါတီကကိုယ်စားလှယ်တွေ၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တွေ၊

ဟိန်းမြင့်

တောင်သူလယ်သမား ကိုယ်စားလှယ်တွေ၊ အလုပ်သမား ကိုယ်စားလှယ်တွေ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်တွေ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်တွေ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသားအဖွဲ့ ၁၇ဖွဲ့အပါအဝင် အခြား အဖွဲ့များမှ ကိုယ်စားလှယ်တွေ စုစုပေါင်း ကိုယ်စားလှယ်ဦးရေ ၁၀၈၁ဦးရှိတာ တွေ့ရလို့ အကျယ်ပြန့်ဆုံးနဲ့ကျင်းပနေတဲ့ ညီလာခံလို့ဆိုရမယ်"

"ကိုယ်စားလှယ်တွေထဲမှာလဲ ပါရဂူဘွဲ့ရသူတွေ၊ ရိုးရိုးဘွဲ့ ဒီဂရီရထားသူတွေက အများစုရှိနေပြီး ဒီပလိုမာဘွဲ့ရထားသူတွေ၊ အထက်တန်းအောင်မြင်သူတွေနဲ့ဆိုရင် ပညာအရည်အချင်းရှိသူ ၈၇ဒသမ ၄ ရာခိုင်နှုန်းရှိတယ်လို့ ဆိုတယ်။ ကျန်ကိုယ်စားလှယ်တွေက စာတတ်၊ ပေတတ်နဲ့ ဒေသက ကြည်ညို လေးစားခံရသူတွေ၊ ဘဝအတွေ့အကြုံရှိပြီးသူတွေ ပါဝင်ထားတော့ နိုင်ငံအတွက်ကိုက်ညီတဲ့ အကောင်းဆုံး၊ အခိုင်မာဆုံး အခြေခံဥပဒေ တစ်ခုကို ရေးဆွဲနိုင်မှာ မလွဲဘူးလို့ ယုံကြည်တယ်"

"ကိုယ်စားလှယ်အားလုံးအနေနဲ့အတွင်းရေးမှူး(၁)အဖွင့် မိန့်ခွန်းမှာပါတဲ့ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲနဲ့ တိုင်းတစ်ပါးရဲ့ သွေးခွဲသပ်လျှိုထားမှုကြောင့် သံသယအစွဲအလမ်းတွေကို ဖယ်ရှားဖို့တော့ လိုမယ်ဟ။

ထိုစဉ် ရှုထောင့်အမြင်ကွဲပြားမှုနှင့် ပတ်သက်၍ ကျွန်တော်လေ့လာစူးစမ်းထားရှိခဲ့မှုများကို ပြန်လည် သတိရလာပါသည်။ အမြင်၏သဘောသဘာဝအရ တစ်ဖက်ကခေါင်းမြင်ရင်၊ ကျန်တစ်ဖက်က ပန်းမြင်မှာ အမှန်ပါ။ ထို့ကြောင့် ကိုယ့်ဘက်အမြင်ကိုသာ တစ်ဖက်သတ်တည်း ကြည့်လို့ ပြည့်စုံမှန်ကန်မှုကို မရနိုင်ပေ။ နှစ်ဖက်အမြင်ကိုခြုံငုံကြည့်ရှုနိုင်မှသာ ပြည့်စုံမှန်ကန်သော အမြင်ကို ရရှိနိုင်မှာ ဖြစ်သည်။ အောက်ခြေနေရာက ကိုယ့်အနီးဝန်းကျင်ကိုသာ ကြည့်သော အမြင်နဲ့ အထက်အမြင့်ပေါ်က ဝန်းကျင်တစ်ခုလုံးကို ကြည့်သောအမြင်မှာလည်း တူညီနိုင်မည် မဟုတ်ပါ။ အမြင့်နေရာက ဝန်းကျင်အားလုံးကို ခြုံငုံကြည့်ရှုသူအတွက် ပိုမိုကျယ်ပြန့်ပြည့်စုံသောအမြင်ကို မြင်တွေ့ရပါမည်။ ထို့ပြင် အဝေးက အမြင်နှင့် အနီးကအမြင်မှာ အနီးကပ်ကြည့်ရှုသူက ပိုမိုသဲကွဲ ပီပြင်မှန်ကန်စွာ မြင်မှာဖြစ်သလို အဝေးကကြည့်ရှုသူအတွက်ကတော့ ဝေဝါးပြီး မှန်းဆအမြင်သာ ရှိမှာပါ။

မိမိရပ်တည်လျက်ရှိသော နေရာသည်လည်း အမြင်တွင် အရေးပါပါသည်။ မိမိရပ်တည်သည့် နေရာကိုက လွဲမှားနေပါလျှင် လွဲမှားသောအမြင်ကိုသာ မြင်တွေ့ရပါမည်။ ဥပမာဆိုရသော် ဇာတ်ပွဲ၊ အငြိမ့်ပွဲတစ်ခုကို ရှေ့ဘက်က မကြည့်ဘဲ၊ ဇာတ်စင်နောက်က သွားကြည့်ပြီး ဒီမင်းသားနဲ့ မင်းသမီး ငါ့ဘက်ကိုတော့ လှည့်မကဘဲ ဟိုဘက်ကိုချည်း လှည့်ကနေတယ်လို့ဆိုရင် သူ့ဘက်သူ့ရှုထောင့် အမြင်အနေနဲ့ မှန်သယောင်ယောင် ထင်နိုင်ပေမယ့် သူ့ရပ်တည်သည့်နေရာကိုက မှားနေလို့ သူ့အမြင်လည်း လွဲမှားမည်သာ ဖြစ်ပေသည်။ အများကတော့ ထိုသူကို စိတ်မမှန်သူတစ်ယောက်အဖြစ် မှတ်ယူမည်သာ ဖြစ်သည်။ ထိုသို့သော အမြင်သဘောတရားနှင့် ဆက်စပ်၍-

"အဆိုးမြင်ဝါဒီတွေနဲ့ ပြည်တွင်း၊ပြည်ပ အဖျက်သမားတွေကတော့ အမျိုးသားညီလာခံအပေါ် အဆိုးမြင်ဘက်ကနေ ရပ်တည်ပြီးတော့ အကောင်း ဘယ်တော့မှ ပြောမှာမဟုတ်ဘူး။ ဘယ်လို ဖျက်ဆီးရမလဲ၊ ဘယ်လို နှောင့်ယှက်ဟန့်တားရမလဲ၊ ဘယ်လိုသွေးခွဲ သပ်လျှိုရမလဲဆိုတာကိုပဲ အမြဲကြံစည်တွေးတော လုပ်ဆောင်နေကြမှာ အမှန်ပဲ"

"ဇာတ်စင်နောက်ဘက်က သွားရပ်နေပြီး သူ့ဘက်လှည့်မကဘူးလို့ ပြောနေတဲ့သူလိုပဲ စိတ်ထားမမှန်တာကို ပြဆိုနေတာ အထင်အရှားပဲ မဟုတ်လား"

"စိတ်ထားမမှန်သူတွေက လုပ်မိလုပ်ရာ လုပ်လာနိုင်တာကိုတော့ သတိထားရမှာပေါ့။ မလုပ်နိုင်အောင်လဲ ကြပ်မတ်ထားကြရမယ်လေ"

"ပြည်ပက ဗိုလ်ကျစိုးမိုးလိုသူ အချို့ကလဲ တပည့်မွေးလို့ ကြိုးဆွဲလို့ရနိုင်မယ့် ရုပ်သေးရုပ်ကို ပွဲထုတ်ချင်တာနဲ့ပဲ အကြောင်းအမျိုးမျိုးပြ စွပ်စွဲလုပ်ကြံ နေကြတာလဲ တွေ့ရတယ်"

"ငပွကြီးရဲ့လက်ရာကို နေရာတကာမှာ အမြဲထင်ရှားစွာ မြင်တွေ့နေကျပါ။ ကမ္ဘာ့နိုင်ငံ အသီးသီးကလဲ မချစ်ပေမယ့် သူ့ရဲ့စွမ်းအားတွေကြောင့် အောင့်ပြီး နမ်းနေကြရတာပါ"

"တချို့ကလဲ အဝေးကနေ အဖျက်သမားတွေရဲ့ လုပ်ကြံပြောဆိုမှုတွေကိုယုံပြီး ဟိုပါတီက မတက်ရောက်လို့ အမျိုးသားညီလာခံကို တရားမဝင်ပါဘူးလို့ ဆိုလိုဆို၊ တပ်မတော်ကပဲ လက်ဝါးကြီးအုပ်ပြီး သူ့စိတ်ကြိုက် အခြေခံဥပဒေကို ရေးဆွဲနေတယ်လို့ ပြောလိုပြောနဲ့ အမျိုးမျိုးစွက်ဖက် နေလေရဲ့"

"Road Map မထုတ်ပြန်ခင်ကတော့ တပ်မတော်က အာဏာကို အမြဲစွဲကိုင်ထားနေတယ်၊ ဒီမိုကရေစီကို ရှေးမရှုဘူးလို့ ဆိုကြတယ်မဟုတ်လား။ အခုကမ္ဘာသိချပြပြီး ဒီမိုကရေစီအတွက် လုပ်နေတော့လဲ မစစ်မှန်ဘူး၊ တရားမဝင်ဘူးလို့ အဲဒီအနောက်အုပ်စုကပဲ ပြောကြပြန်တယ်"

"မြည်းတစ်ကောင်နဲ့သားအဖပုံပြင်အတိုင်းပဲဟ။ သားကမြည်းစီးတော့ အသက်ကြီးသူကို ဦးစားမပေးဘူးလို့ ပြောတယ်၊ ဖခင်ကမြည်းစီး

ကိုယ်စားလှယ်တွေထဲမှာလဲ ပါရဂူဘွဲ့ရသူတွေ၊ ရိုးရိုးဘွဲ့ ဒီဂရီရထားသူတွေက အများစုရှိနေပြီး ဒီပလိုမာဘွဲ့ရထားသူတွေ၊ အထက်တန်းအောင်မြင်သူတွေနဲ့ဆိုရင် ပညာအရည်အချင်းရှိသူ ၈၇ဒသမ၄ ရာခိုင်နှုန်း ရှိတယ်လို့ဆိုတယ်။ ကျန်ကိုယ်စားလှယ်တွေက စာတတ်၊ ပေတတ်နဲ့ ဒေသက ကြည်ညို လေးစားခံရသူတွေ၊ ဘဝအတွေ့အကြုံရှိပြီးသူတွေ ပါဝင်ထားတော့ နိုင်ငံအတွက်ကိုက်ညီတဲ့ အကောင်းဆုံး၊ အခိုင်မာဆုံး အခြေခံဥပဒေတစ်ခုကို ရေးဆွဲနိုင်မှာ မလွဲဘူးလို့ ယုံကြည်တယ်။

နောက်ပြီး ဒို့ပါတီ၊ ဒို့လူမျိုး၊ ဒို့ဒေသ၊ ဒို့အဖွဲ့အစည်းအတွက်ကိုသာ ရှေးရှု ဦးတည်လုပ်မယ်ဆိုတာထက် နိုင်ငံတစ်ခုလုံးအတွက်၊ တိုင်းရင်းသားလူမျိုးအားလုံးအတွက် အကျိုးကိုသာ ဦးစားပေး အဓိကထားလုပ်ကြမယ်ဆိုတဲ့ မှန်ကန်တဲ့ အသိစိတ်ဓာတ်နဲ့ ဆောင်ရွက်ကြဖို့လဲ လိုမယ်"

"ကိုယ်စားလှယ်တိုင်း သဘောထားကြီးကြီးနဲ့ စိတ်ရှည်ရှည်ထားပြီး အမြော်အမြင်ကြီးစွာနဲ့ အပြန်အလှန် စာနာထောက်ထားလို့ လက်တွဲဆောင်ရွက်ကြမယ်ဆိုရင် အောင်မြင်မှာ မလွဲပါဘူး"

"အဖျက်သမားတွေရဲ့ အမျိုးမျိုးပုတ်ခတ်စွပ်စွဲ လုပ်ကြံပြောဆိုနေကြတာတွေကိုလဲ သတိရှိကြရမယ်။ ကိုယ်စားလှယ်တွေရော၊ ပြည်သူလူထုအားလုံးကပါ နားမယောင်မိကြဖို့ အဖျက်လုပ်ရပ်တွေကို အသိတရားရှိရှိနဲ့ ဝိုင်းဝန်းကာကွယ် တားဆီးကြဖို့လဲ လိုမယ်"

"ပြည်တွင်း၊ပြည်ပ အဖျက်သမားများကတော့ ဘယ်တော့မဆို အဆိုးမြင်ဘက်ကပဲ အမြဲကြည့်ပြီး အဖျက်လုပ်ရပ်တွေကို အမြဲပြောဆိုပြုမူ လုပ်ကြံဖန်တီး နေကြမှာပဲလေ"

တော့ ကလေးသူငယ်ကို မညှာတာဘူးလို့ဆိုတယ်။ နှစ်ဦးလုံးတက်စီးပြန်တော့လဲ တိရစ္ဆာန်ကို ကိုယ်ချင်းမစာနာ၊ မနိုင်ဝန်ကိုသယ်ပိုးစေတယ်တဲ့။ နှစ်ဦးစလုံး မစီးပြန်တော့လဲ အသုံးမချတတ်၊ ဉာဏ်မရှိတဲ့ သားအဖလို့ ဆိုကြပြန်တယ်။ ဘယ်ဟာမှ အပြစ်တင်မလွတ်ဘူးမဟုတ်လား။ အခုလဲ တပ်မတော်အစိုးရက ဘာပဲလုပ်လုပ် သူ့တပည့်မခံသမျှ အဆိုးမြင်နဲ့ သူ့ရုပ်သေးရုပ်လေးကို စင်တင်နိုင်အောင် အပြစ်ဆို လုပ်ကြံဖျက်ဆီးနှောင့်ယှက်ဟန့်တားနေမှာ အမှန်ပဲလေ"

"ဒါကို ဒို့ပြည်သူတွေနဲ့ ညီလာခံကိုယ်စားလှယ်တွေ သိထားကြဖို့လိုတာပေါ့"

"သိကြမှာပါ၊ လက်ရှိကမ္ဘာ့အဖြစ်အပျက်တွေကို မြင်တွေ့ကြားသိနေကြတာပဲ၊ သင်ခန်းစာ ယူနိုင်ကြမှာပါ"

"အခုပြည်ပအသံလွှင့်ဌာနတွေနဲ့ လက်ဝါးချင်းရိုက်ပြီး အလေးပေး အပြစ်ဆိုနေတာက အမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ်အထဲက

စာမျက်နှာ ၁၁ ကော်လံ ၁သို့

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ပြီးသော ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်အခြေခံမူများချမှတ်သင့်

■ **ကျောဖုံးမှ**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

"၁။ ပြည်ထောင်စု အဆင့်ကဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ၊

၂။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ"

ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊မြို့(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အလိုက် သီးခြားအကြံပြုတင်ပြချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

တစ်ပြေးညီသတ်မှတ်ရေး

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "စက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ထုတ်ကုန်ပစ္စည်းများ၏ အမျိုးအစား အရည်အသွေးမှန်ကန်တိကျရေးသည် အရေးကြီးသောအချက်တစ်ရပ်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရ ယှဉ်ပြိုင်ထုတ်လုပ်မှုများ ပြုလုပ်လာကြသည်နှင့်အမျှ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးများသည်လည်း အမျိုးမျိုးအဖုံဖုံကွဲပြားလာနိုင်ကြောင်း၊ အထူးသဖြင့် စားသောက်ကုန်ဆိုင်ရာ ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေး ဆိုင်ရာပစ္စည်းများ၊ ယာဉ်အမျိုးမျိုးနှင့် ပတ်သက်သော ပစ္စည်းများစသည်တို့နှင့်စပ်လျဉ်း၍ အရည်အသွေးမမီပါက သုံးစွဲသူပြည်သူလူထုအနေဖြင့် အန္တရာယ်အမျိုးမျိုး ကြုံတွေ့လာနိုင်သည်ဖြစ်ရာ ထုတ်ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းများ၊ ထုတ်လုပ်မှုနည်းစဉ်များ သတ်မှတ်ပေးရေးသည် အဓိကအချက်ဖြစ်လာကြောင်း၊ သို့ဖြစ်ရာ ထုတ်ကုန်ပစ္စည်းများ၏ အခြေခံစံချိန်စံညွှန်းများ (Standardization and Specification)ကို တစ်ပြေးညီသတ်မှတ်ပေးရေးအတွက်ဥပဒေများကို ထုတ်ပြန်ထားရှိရန်လိုအပ်ကြောင်း"ဟု ရှင်းလင်းတင်ပြပြီးအကြံပြုသွားပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် မူလကအချက်ငါးချက်ကို ဖော်ပြခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က စုစုပေါင်းအချက်ခြောက်ချက်အဖြစ်၊အမှတ်စဉ်(၃)တွင်'ထုတ်ကုန်ပစ္စည်းများ၏အခြေခံစံချိန်စံညွှန်းများ' ဟူ၍ ဖြည့်စွက်အကြံပြုတင်ပြသွားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။ ထိုအကြံပြုချက်သည် ချမှတ်ပြီးဖြစ်သော အခြေခံမူနှင့်လည်း ကိုက်ညီပြီး ကောင်းမွန်သင့်မြတ်သည့်အတွက် အလေးအနက်ထားစဉ်းစားသင့်ကြောင်း တွေ့ရှိရကြောင်း။

အကြံပြုခဲ့ကြ

သို့သော်လည်း အကြံပြုချက်ပါ 'ထုတ်ကုန်ပစ္စည်း'ဆိုသည့်စကားရပ်ကို သုံးနှုန်းလိုက်လျှင် 'သွင်းကုန်၊ ထုတ်ကုန်'ဆိုသည့် ပြည်ပသို့တင်ပို့သော ပို့ကုန်ပစ္စည်းနှင့် အဓိပ္ပာယ်လွဲမှားနိုင်ခြင်းကြောင့် အဓိပ္ပာယ်ရှင်းလင်းလွယ်ကူအောင် အမှတ်စဉ်(၃)အဖြစ် 'ထုတ်လုပ်သည့် ပစ္စည်းများအတွက် အခြေခံစံချိန်စံညွှန်းများ' ဟုသုံးနှုန်းရန်ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း သုံးသပ်ရရှိသည့်အတွက် ယင်းအချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ကြောင်း၊ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့် သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြကြောင်း၊ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အများအပြားက ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အမှတ်စဉ်(၃)အဖြစ် **'ထုတ်လုပ်သည့်ပစ္စည်းများအတွက် အခြေခံစံချိန်စံညွှန်းများ'** ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ကြောင်း အကြံပြုခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ချင်းပြည်နယ် ထန်းတလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ်မဲဆန္ဒနယ်မှ ဦးအောင်သိန်းတို့က "တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် စက်မှုဇုန်များကို ထူထောင်ခွင့်ပြုခြင်းအားဖြင့် ဒေသဆိုင်ရာ တီထွင်ကြံဆမှုဉာဏ်ရည်များတိုးတက်မြင့်မားလာနိုင်ခြင်း၊ ယင်းမှတစ်ဆင့် အချင်းချင်းပြိုင်ဆိုင်မှုများကြောင့် အရည်အသွေး မြင့်မားလာနိုင်ခြင်း၊ စက်မှုပစ္စည်းများအပေါ် ဈေးနှုန်းထိန်းချုပ်နိုင်ခြင်းနှင့် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ အကျိုးဖြစ်ထွန်းနိုင်ဖွယ်ရာရှိခြင်းများကြောင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် စက်မှုဇုန်အား အသေးစိတ်အခြေခံရမည့်မူအမှတ်စဉ်(၃) အဖြစ် ဖြည့်စွက်ချမှတ်ပေးသင့်ပါကြောင်း"ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ကလည်း အထက်ပါ တစ်သီးပုဂ္ဂလကိုယ်စားလှယ်နှစ်ဦးတို့၏ အကြံပြုချက်နှင့်တူညီစွာ အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ယင်းအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းနိုင်ရန် ဥပဒေပြုစာရင်းတွင် ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ **ပြည်ထောင်စုက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံမိအောင် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ပေးမှသာ စက်မှုဇုန်များသည် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေများတွင် ယင်းစက်မှုဇုန်များနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များအတွက် လုပ်ပိုင်ခွင့်များရရှိအောင် ထည့်သွင်းဖော်ပြသွားနိုင်မည်ဖြစ်ပါကြောင်း**ကို ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က "တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အလတ်စားနှင့်အသေးစား စက်မှုလုပ်ငန်းများဆိုသည့်အချက်ကိုထည့်သွင်းဖော်ပြပေးရန်" အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ ဟုသတ်မှတ်ဖော်ပြထားပြီးဖြစ်ကြောင်း၊ **ပြည်ထောင်စုဥပဒေပြုစာရင်းတွင်လည်း ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့် စက်မှုလုပ်ငန်းများ ဟုသာဖော်ပြထားသည့်အတွက် စက်မှုလုပ်ငန်းအမျိုးအစားကို အကြီးစား၊ အလတ်စား၊ အသေးစားရယ်ဟု ခွဲခြားသတ်မှတ်ထားခြင်းမရှိသည်ကို တွေ့နိုင်ကြောင်း၊ သက်ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းသည့်အခါမှသာ ထည့်သွင်းစဉ်းစားသတ်မှတ်ပေးရမည့် ကိစ္စသာဖြစ်ကြောင်း** ကို ပြောကြားအပ်ပါကြောင်း။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က **"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်လည်း အောက်ပါအချက်သုံးချက်ကို ကျင့်သုံးနိုင်ရန်အတွက် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားပေးရန် အကြံပြုတင်ပြအပ်ပါကြောင်း–**

(၁) အလတ်စားနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊

(၂) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊

(၃) စက်မှုဇုန်များတို့ဖြစ်ကြောင်း"ဟု အကြံပြုတင်ပြသွားပါကြောင်း။

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် အကြံပြုချက်ထဲ၌ပင် ဖော်ပြပါကိစ္စသုံးရပ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်ကျင့်သုံးနိုင်ရန် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာတွင် ထည့်သွင်းစဉ်းစားပေးပါရန်ဟု တင်ပြထားသည့်အတွက် သက်ဆိုင်ရာဥပဒေများပြဋ္ဌာန်းသည့်အခါ ထည့်သွင်းစဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်းကို ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြပါကြောင်း။

သီးခြားစီတင်ပြ

ထိုအစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားကြသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် စက်မှုလက်မှုကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး–

"၁။ ပြည်ထောင်စုအဆင့်ကဆောင်ရွက်မည့် စက်မှုလုပ်ငန်းများ၊

၂။ စက်မှုဇုန်များ၊

၃။ ထုတ်လုပ်သည့်ပစ္စည်းများအတွက် အခြေခံစံချိန်စံညွှန်းများ၊

၄။ သိပ္ပံနှင့်နည်းပညာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာသုတေသန၊

၅။ အလေးတင်းတောင်း၊ အတိုင်းအတာစသည်တို့ကိုစံပြုခြင်း၊

၆။ မူပိုင်ခွင့်များ (Copyrights)၊ တီထွင်မှုမူပိုင်ခွင့်များ (Patents)၊ ကုန်အမှတ်တံဆိပ်များ (Trademarks)၊ စက်မှုဆိုင်ရာ ဒီဇိုင်းများ (Industrial Designs) စသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများ (Intellectual Properties)"ဟု လည်းကောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြရမည့် စက်မှုလက်မှုကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး–

"၁။ ပြည်ထောင်စုအဆင့်ကဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ၊

၂။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က **"ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"**ကို ဖတ်ကြားတင်ပြရာ၌–

ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့တွင်ဖော်ပြသင့်သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍအောက်တွင်ပါရှိရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ခုနှစ် မေ၁၇ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ဤရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပါရှိသင့်သော အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ဆောင်းပါးမှအဆက်

အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ဆိုတဲ့ အချက်ပဲ မဟုတ်လား"

"ဟုတ်ပ၊ ဒီအချက်ကို အမြင်မကြည်တာရော၊ တပ်မတော်ရဲ့ အခန်းကဏ္ဍကို ပပျောက် မှေးမှိန်စေချင်တာရော၊ ပြည်သူတွေ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံပြောဆိုလို့ အကောင်းဆုံး အချက်ဖြစ်နေတာမို့ ပြောဆိုနေကြတာပဲလေ"

"မင်းမောင်မောင်ရဲ့ **တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍ** စာအုပ်ကို ဖတ်ကြည့်ရင် ဘာ့ကြောင့်ဒီအချက်ကို ဦးတည်ချက်(၆)ရပ်မှာ ထည့်သွင်းထားရသလဲဆိုတာ သဲကွဲစွာ မြင်နိုင်ပါတယ်"

"ဆိုပါဦးဟ၊ ဘာတွေရေးသားထားလို့လဲ"

"လွတ်လပ်ရေးကြိုးပမ်းမှု အကြိုကာလများကနေစပြီး ၁၉၈၈ခုနှစ် အရေးအခင်းကာလအပါအဝင် ယနေ့အခြေအနေအထိ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးမှာ အသက်သွေးချွေး ပေးဆပ်လို့ နိုင်ငံကို ကာကွယ်ခဲ့ရပုံတွေကို ရေးသားထားတယ်"

"လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ပြည်သူများအကြားက သန္ဓေတည် ပေါက်ဖွားလာတယ်။ လွတ်လပ်ရေးကိုရအောင် ကြိုးပမ်းလုပ်ဆောင်ခဲ့တယ်။ လွတ်လပ်ရေးရပြီး ရန်ကုန်အစိုးရလို့ ခေါ်နေရတဲ့ အဖြစ်ကနေ တပ်မတော်ကပဲ ရောင်စုံသောင်းကျန်းသူတွေကို တိုက်ခိုက်ချေမှုန်းပြီး လွတ်လပ်ရေးပြန်လည် မဆုံးရှုံးရလေအောင် ကယ်တင်ပေးခဲ့တယ်။ ပြည်ပကူမင်တန် ကျူးကျော်မှုကို တိုက်ထုတ်ပစ်ခဲ့တယ်။ ၁၉၅၈ခုနှစ် ဖဆပလအကွဲအပြဲမှာ တိုင်းပြည်အန္တရာယ် ကျရောက်မယ့် အခြေအနေက ကယ်တင်နိုင်ခဲ့တယ်။ ၁၉၆၂ခုနှစ် တိုင်းပြည် ပြိုကွဲတော့မယ့် အန္တရာယ်က ကယ်တင်ခဲ့တယ်။ ၁၉၈၈ခုနှစ် အရေးအခင်းကြောင့် မင်းမဲ့စရိုက်တွေ လွှမ်းမိုးပြီး အချုပ်အခြာအာဏာပါ ဆုံးရှုံးရတော့မယ့် အခြေအနေကနေ တိုင်းပြည်ကို ကယ်တင်ခဲ့ရပြန်တယ်။ မြန်မာ့သမိုင်းနဲ့ တပ်မတော်သမိုင်းက ခွဲခြားလို့ မရအောင် ဆက်စပ်နေတယ်။ ဒို့တပ်မတော်က နိုင်ငံရဲ့ လိုအပ်ချက်အရ ဖြစ်ပေါ်လာတဲ့၊ ခံယူချက် အပြည့်အဝရှိတဲ့ တပ်မတော် အမျိုးအစားထဲမှာပါတယ်။ နိုင်ငံတော် ကာကွယ်ရေးအတွက်သာ ရည်ရွယ်ပြီး အခွင့်အရေးကောင်းကောင်းပေး ဖွဲ့စည်းထားတဲ့ သာမန်တပ်မတော်အမျိုးအစားထဲမှာ မပါဘူးလေ"

"အချုပ်ပြောရရင်တော့ လွတ်လပ်ရေးအတွက် လိုအပ်ချက်အရ ပြည်သူထဲက ပေါက်ဖွားလာတယ်။ တိုင်းပြည်နဲ့လူမျိုး အန္တရာယ်ကျရောက်တော့မယ့် အကျဉ်းအကျပ်နဲ့ ကြုံတိုင်း ပြည်သူ့ဘက်က မားမားမတ်မတ်နဲ့ ရပ်တည်အကာအကွယ်ပေး ကယ်တင်ခဲ့တယ်။ တကယ့်အကျပ်အတည်း အခက်အခဲနဲ့ကြုံရတိုင်း ခေတ်အဆက်ဆက်က အုပ်ချုပ်ခဲ့ကြတဲ့ အစိုးရတွေနဲ့ အဲဒီအချိန်ကရှိခဲ့တဲ့ ပါတီတိုင်းဟာ နိုင်ငံကိုမထိန်းသိမ်း၊ မကာကွယ်၊ မစောင့်ရှောက်နိုင်ခဲ့ဘူးလေ။ ဒီလိုအတိတ်သမိုင်းက သင်ခန်းစာတွေအရ အနာဂတ်နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ဆိုပြီး ထည့်ထားတာလို့ မြင်နိုင်တယ်"

"ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်မယ့်အခြေအနေမျိုးတွေ ထပ်မံပေါ်ပေါက်မလာအောင် ကြိုတင်ကာကွယ်ထိန်းညှိနိုင်းဖို့ တပ်မတော်က ပါဝင်နေရတာပဲ ဖြစ်တယ်"

"အေးကွာ၊ ဒို့ပြည်သူတွေက အတိတ်သမိုင်းကြောင်းတွေကို နဖူးတွေ့၊ ဒူးတွေ့ ကြုံခဲ့ဖူးကြတာမို့ တပ်မတော်ရဲ့ မှန်ကန်တဲ့ရပ်တည်မှုနဲ့ လုပ်ဆောင်မှုတွေကို နားလည်သဘောပေါက်ထားကြပါတယ်။ ကမ္ဘာ့ဖြစ်ရပ်တွေထဲကလဲ သင်ခန်းစာတွေ အများကြီးရနေကြပါတယ်"

"ဒါပေမယ့် ပြည်တွင်းပြည်ပအဖျက်သမားတွေရဲ့ မီဒီယာစွမ်းအားတွေ၊ ငွေကြေးဓန သုံးစွဲနိုင်မှု အင်အားတွေကလဲကြီးမားတော့ ဒို့ပြည်သူတွေ၊ ဒို့ညီလာခံ ကိုယ်စားလှယ်တွေ နားမယောင်မိကြဖို့တော့ အထူးလိုအပ်တာပေါ့"

"ကြားပါများရင် အမှားကအမှန်ဖြစ်ဆိုတဲ့မူနဲ့ ပြည်ပအသံလွှင့်ဌာနတွေက လုပ်ကြံဖန်တီး သွေးခွဲသပ်လျှိုမှုတွေကို ထပ်ခါထပ်ခါ အဖန်တလဲလဲ ပုံကြီးချဲ့ သွေးထိုးနေကြတော့ အားလုံး သတိထားကြမှ တော်ကာကျမယ်ဟ"

"ပြည်သူတွေကလဲ သဘောပေါက်ပြီး သတိရှိနေကြပါပြီ"။ ။

စာမျက်နှာ ၁၁ မှ

“၁။ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး၊
၂။ ရေကြောင်းလမ်းများပြုပြင်ထိန်းသိမ်းရေး၊
၃။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊
၄။ ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး၊
၅။ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ၊
၆။ မီးပြတိုက်၊ မီးပြသင်္ဘောနှင့်မီးပြအစီအမံများ၊
၇။ သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊
၈။ လေကြောင်းသယ်ယူပို့ဆောင်ရေး၊
၉။ လေကြောင်းပျံသန်းရေး၊ ထိန်းသိမ်းရေးနှင့်လေယာဉ်ကွင်းတည်ဆောက်ရေး၊
၁၀။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊
၁၁။ မီးရထား၊
၁၂။ ပြည်ထောင်စုက စီမံခန့်ခွဲသည့် လမ်းမကြီးများ၊ တံတားကြီးများ၊
၁၃။ **စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူဆက်သွယ်ရေး၊**
၁၄။ ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်၊ အသံဖမ်းလုပ်ငန်းနှင့် အလားတူဆက်သွယ်ရေးများ”နှင့်

အသစ်အသစ်ပြောင်းလဲဖြစ်ပေါ်တတ်သော သဘာဝတို့ကြောင့် ICT ဆိုင်ရာဥပဒေများကို အစဉ်ခေတ်နှင့်တစ်ပြေးညီ ဖြစ်နေစေရန်အတွက် အချိန်နှင့်အမျှ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်းတို့ကိုလည်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ထို့အပြင် ICT ဆိုင်ရာဥပဒေများသည် နိုင်ငံတော်အတွင်း၌သာမက ဒေသဆိုင်ရာနိုင်ငံများနှင့်ဖြစ်စေ၊ နိုင်ငံတကာနှင့်ဖြစ်စေ သဟဇာတဖြစ်အောင် တွဲဖက်ဆောင်ရွက်နိုင်ရန်လည်း ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဤICT ဥပဒေများကို နိုင်ငံတော်တစ်ဝန်းလုံး၌ တညီတညွတ်တည်း ကျင့်သုံးရမည်ဖြစ်သည့်အတွက် ICT ဆိုင်ရာဥပဒေပြဋ္ဌာန်းမှုများ ပြုသည့်အခါတွင် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက် အမှတ်စဉ်(၁၃)တွင် ‘စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူဆက်သွယ်ရေးများ’ဟုလည်းကောင်း၊ အမှတ်စဉ်(၁၄)တွင် ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်၊ အသံဖမ်းလုပ်ငန်းနှင့် အလားတူဆက်သွယ်ရေးများ’ဟုလည်းကောင်း ဖော်ပြထားပါကြောင်း၊ သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာဆိုသည့်အချက်သည် အလားတူ ဆက်သွယ်ရေးဆိုသည့် စကားရပ်ထဲ၌ အကျုံးဝင်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြကြောင်း၊ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အများအပြားက ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကို ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍဟုလည်းကောင်း၊ ယင်း ကဏ္ဍရှိ ပြည်ထောင်စုဥပဒေပြုစာရင်း၏ အမှတ်စဉ်(၁၅)အဖြစ် ‘အိမ်ရာနှင့်အဆောက်အအုံများ’ဟုလည်းကောင်း ဖော်ပြသင့်ကြောင်း အကြံပြုခဲ့သည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က“တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် အောက်ဖော်ပြပါအချက်များကို သင့်လျော်သည်ဆိုပါက ဖြည့်စွက်ပေးပါရန် အကြံပြုအပ်ပါကြောင်း။

၁။ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး၊
၂။ ရေကြောင်းလမ်းများပြုပြင်ထိန်းသိမ်းရေး၊
၃။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး၊
၄။ သင်္ဘောတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊
၅။ ပြည်နယ်အတွင်းပြည်တွင်းသွားလာသည့် ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်၊ အစုအဖွဲ့ပိုင်ယာဉ်များ စနစ်တကျပြေးဆွဲခြင်း၊
၆။ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူဆက်သွယ်ရေး၊

စက်မှုဇုန်များထူထောင်ခွင့်ပြုခြင်းဖြင့် ဒေသဆိုင်ရာတီထွင်ကြံဆမှုဉာဏ်ရည်များတိုးတက်မြင့်မားလာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် စက်မှုဇုန်အားအခြေခံရမည့်မူအဖြစ်ချမှတ်သင့်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

“၁။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊**
၂။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ၊**
၃။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး”**

ဟုချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့နှင့်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုတင်ပြချက်များကိုလည်း ဆက်လက်တင်ပြသွားမည် ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က “မြန်မာနိုင်ငံ၏ အချို့နေရာများဖြစ်သော တိုင်းစွန်ပြည်ဖျား နယ်စပ်ဒေသများတွင် ပထဝီအနေအထားအရ တစ်နေရာနှင့်တစ်နေရာ လမ်းပန်းဆက်သွယ်သွားလာမှု ခက်ခဲလှကြောင်း၊ အထူးသဖြင့် မိုးရာသီ၌ သွားလာမှုခက်ခဲခြင်းကို ပိုမိုရင်ဆိုင်ကြရကြောင်း၊ သွားလာမှုပိုမိုလွယ်ကူစေရန် သက်ဆိုင်ရာဒေသအစီအစဉ်ဖြင့် လုပ်ဆောင်ပါက ပိုမိုအဆင်ပြေလျင်မြန်မှုရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရကိုယ်စားပြည်နယ်၊ တိုင်းက ကြီးကြပ်ခွင့်ပြုရေးနှင့် ထိုက်သင့်သောလုပ်ပိုင်ခွင့်တို့ကို ခွင့်ပြုနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းသည့်အခါ ထည့်သွင်းစဉ်းစားပေးသင့်ကြောင်း အကြံပြုအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ထိုအကြံပြုချက်သည် ပြည်နယ်၊ တိုင်းများကို ထိုက်သင့်သောလုပ်ပိုင်ခွင့်များခွင့်ပြုပေးနိုင်ရန် တင်ပြခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းသည့်အခါ ထည့်သွင်းစဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

မရှိမဖြစ်အနေအထားရောက်ရှိ

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က **“ယခုအချိန်ကာလတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး(Information and Communication Technology)ကဏ္ဍသည် အလွန်လျင်မြန်သော အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်သာမက နိုင်ငံတကာတွင်လည်း ICT စီးပွားရေးလုပ်ငန်းကဏ္ဍ၊ ICT Industry သည်လည်း အကြီးမားဆုံးသောလုပ်ငန်းအဖြစ် ပေါ်ပေါက်ဖြစ်ထွန်းလျက်ရှိကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့တွင်သာမက လူတိုင်း၏နေ့စဉ်ဘဝ၌ပါ မရှိမဖြစ်အနေအထားသို့ ရောက်ရှိလျက်ရှိကြောင်း။**

မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ ရောက်ရှိအောင်ဆောင်ရွက်ရာတွင် ICT ကဏ္ဍသည် အရေးပါသောအခန်းကဏ္ဍအဖြစ် ရပ်တည်လျက်ရှိသည့်အပြင် ICT လုပ်ငန်းကိုလည်း နိုင်ငံတော်အတွက် အဓိက စီးပွားရေးကဏ္ဍကြီးတစ်ခုအဖြစ် ဖြစ်ထွန်းရောက်ရှိအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် အချိန်ယူဆောင်ရွက်ရသကဲ့သို့ ပြင်ဆင်ဖို့ရန်လည်း ခက်ခဲကြောင်း၊ သို့သော်လည်း ICT နည်းပညာများ၏ လျင်မြန်စွာ

ဥပဒေများ ပြဋ္ဌာန်းသည့်အခါ ဖော်ပြပါအကြံပြုချက်များကို လိုအပ်သကဲ့သို့ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤအကြံပြုချက်ကို ဥပဒေပြဋ္ဌာန်းသည့်အခါ ထည့်သွင်းစဉ်းစားနိုင်အောင် မှတ်တမ်းတင်ထားမည် ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ဆက်စပ်ပူးပေါင်းပါဝင်

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က “တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးသည် အဓိကနေရာတွင် ပါဝင်သကဲ့သို့ တည်ဆောက်မှုများပြုလုပ်သော ဆောက်လုပ်ရေးကဏ္ဍသည်လည်း တစ်ဆက်တည်း ဆက်စပ်ပူးပေါင်းပါဝင်လာကြောင်း။

ထို့ကြောင့် ဤကဏ္ဍကို **ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ** ဟု ပူးပေါင်းဖြည့်စွက်ပေးစေလိုကြောင်း ပဏာမတင်ပြအပ်ပါကြောင်း။

ဖြည့်စွက်ရန်အကြံပြု

နိုင်ငံတော်သည် ဆောက်လုပ်ရေး၏ အခန်းကဏ္ဍအနေဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ လက်ရှိအခြေအနေတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများကထုတ်ပြန်ထားသည့် လူမှုဖူလုံရေးညွှန်ပြကိန်း(Social Indicators)များကိုပြည့်မီအောင်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မဟာရန်ကုန်ဒေသအတွင်း မြို့သစ်များကို မြို့အင်္ဂါရပ်နှင့်အညီဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ပေးခြင်း၊ နိုင်ငံတော်၏စီးပွားရေးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုစေမည့် စက်မှုဇုန်များတည်ထောင်ပေးခြင်း၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ ပညာရေး၊ အဆောက်အအုံများ၊ လမ်းများ၊ လူနေအိမ်ခြေတိုက်တာများ၊ စုပေါင်းပိုင် အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ခြင်း၊ အဆောက်အအုံနှင့်လူနေတိုက်ခန်းများကို အများပြည်သူထံ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် စိစစ်ရောင်းချပြီး ဘဝလုံခြုံမှုရစေခြင်းစသည်တို့ကို ဆောင်ရွက်ပေးနေကြောင်းကို တွေ့ရကြောင်း၊ လက်ရှိလေ့လာတွေ့ရှိချက်အရ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် စုပေါင်းပိုင်အထပ်မြင့်အဆောက်အအုံများဥပဒေ (Condominium Law)ကို ပြဋ္ဌာန်းနိုင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဆင့်မြင့်အိမ်ရာနှင့် ခေတ်မီအဆောက်အအုံများနှင့် စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းပေးရန်ရှိလာပါက ပြဋ္ဌာန်းပေးရန်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟု ရှင်းလင်းတင်ပြပြီး ပို့ဆောင်ရေး၊ ဆက်သွယ်ရေးကဏ္ဍတွင် **‘ဆောက်လုပ်ရေး’** ဆိုသည် စကားရပ်ကို ဖြည့်စွက်ရန် အကြံပြုသွားသည့်အပြင် ယင်းကဏ္ဍ၏ အမှတ်စဉ် (၁၅)အဖြစ် **‘အဆင့်မြင့်အိမ်ရာနှင့်ခေတ်မီအဆောက်အအုံများ’** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရန် အကြံပြုသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်သည် ချမှတ်ပြီးဖြစ်သည့် အခြေခံရမည့်မူနှင့်လည်း ကိုက်ညီပြီးလျော်ကန်သင့်မြတ်သည့်အတွက် အလေးအနက်ထားစဉ်းစားသင့်ကြောင်း တွေ့ရှိရကြောင်း၊ သို့သော်လည်း အဆင့်မြင့်အိမ်ရာနှင့်ခေတ်မီအဆောက်အအုံများဟု သုံးနှုန်းလိုက်လျှင် အဆင့်နိမ့်အိမ်ရာနှင့်ခေတ်မမီသောအဆောက်အအုံများ အကျုံးမဝင်သည့် သဘောသက်ရောက်သွားစေနိုင်ကြောင်း၊ စကားလုံးကျစ်လျစ်ပြီး အဓိပ္ပာယ်ကျယ်ဝန်းမှုရှိစေရေးအတွက် ‘အိမ်ရာနှင့်အဆောက်အအုံများ’ဟုသုံးနှုန်းသင့်ကြောင်း၊ သို့မှသာ မည်သည့်အိမ်ရာ နှင့်အဆောက်အအုံမျိုးမဆို အားလုံးအကျုံးဝင်သွားစေမည်ဖြစ်သည့်အတွက် ‘အိမ်ရာနှင့်အဆောက်အအုံများ’ဟု ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း သုံးသပ်ရရှိသည့်အတွက် ယင်းအချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့်ညှိနှိုင်းခဲ့ကြောင်း၊ သဘာပတိ အဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ်များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသား

၇။ ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်အသံဖမ်းလုပ်ငန်းနှင့် အလားတူဆက်သွယ်ရေးတို့ဖြစ်ကြောင်း”

ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ထည့်သင့်

ထိုအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် အကြံပြုချက်တွင် တင်ပြထားသည့် အချက်များသည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြချက်များဖြစ်ကြောင်း တွေ့ရှိရကြောင်း၊ ဤအချက်များသည် ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းပေးရမည့်ကိစ္စရပ်များဖြစ်၍ ဤကဲ့သို့ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုက ဤကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းသည့်အခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံမိစေရန် ပြဋ္ဌာန်းသွားမည်ဖြစ်၍ လိုအပ်လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း လုပ်ပိုင်ခွင့်များရရှိစေရန် ထည့်သွင်းသတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ လက်တွေ့နယ်ပယ်တွင်လည်း ထိုကိစ္စရပ်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို လုပ်ပိုင်ခွင့်များ ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိနိုင်ကြောင်း၊ ထို့ကြောင့် ယခုတင်ပြအကြံပြုချက်များသည် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်သာ ထည့်သွင်းဖော်ပြသင့်သည့်ကိစ္စရပ်များဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ထိုအစုအဖွဲ့တွင်ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင့် ယင်းတို့၏ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားကြသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာအကြောင်းကိစ္စရပ်များနှင့်စပ်လျဉ်းပြီး–

“၁။ **ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး၊**
၂။ **ရေကြောင်းလမ်းများပြုပြင်ထိန်းသိမ်းရေး၊**
၃။ **ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး၊**
၄။ **ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး၊**
၅။ **ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းကြီးများ၊**
၆။ **မီးပြတိုက်၊ မီးပြသင်္ဘောနှင့် မီးပြအစီအမံများ၊**
၇။ **သင်္ဘောတည်ဆောက်ရေး၊ ပြင်ဆင်ထိန်းသိမ်းရေး၊**
၈။ **လေကြောင်းသယ်ယူပို့ဆောင်ရေး၊**
၉။ **လေကြောင်းပျံသန်းရေး၊ ထိန်းသိမ်းရေးနှင့်လေယာဉ်ကွင်းတည်ဆောက်ရေး၊**
၁၀။ **ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၊**
၁၁။ **မီးရထား၊**
၁၂။ **ပြည်ထောင်စုကစီမံခန့်ခွဲသည့်လမ်းမကြီးများ၊ တံတားကြီးများ၊**
၁၃။ **စာတိုက်၊ကြေးနန်း၊တယ်လီဖုန်း၊ ဖက်(စ်)၊အီးမေးလ်၊ အင်တာနက်၊ အင်ထရာနက်နှင့် အလားတူဆက်သွယ်ရေး၊**
၁၄။ **ရုပ်မြင်သံကြား၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အသံလွှင့်အသံဖမ်းလုပ်ငန်းနှင့် အလားတူဆက်သွယ်ရေးများ၊**
၁၅။ **အိမ်ရာနှင့် အဆောက်အအုံများ”**

ဟုလည်းကောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာအကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး–

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က **"ရေနံရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးအစရှိသည့် လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုအမြောက်အမြားလိုအပ်သကဲ့သို့ နိုင်ငံခြားတိုင်းပြည်များနှင့်ပါ ကုန်သွယ်မှုဆက်စပ်နေသည့်အပြင် နိုင်ငံတော်၏ လုံခြုံရေး၊ စီးပွားရေးအတွက် အရေးကြီးသည့် ကိစ္စရပ်များလည်းဖြစ်ပါကြောင်း၊ ဤကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုဥပဒေပြုစာရင်း၌ ပါရှိခြင်းသည် လျော်ကန်သင့်မြတ်ပါကြောင်း၊ ရေနံထွက်နှုန်းနည်းပါးသည့် ဒေသများကို ပြည်ထောင်စုက စီမံခန့်ခွဲမည့်အစား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များက စီမံဆောင်ရွက်သင့်ပါကြောင်း၊ ထို့ကြောင့် ထွက်နှုန်းနည်းပါးပြီး နိုင်ငံတော်က ဆောင်ရွက်ရန်မသင့်သည့် ရေနံရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စု ဥပဒေဖြင့် မဆန့်ကျင်စေဘဲ စီမံခန့်ခွဲမှုအာဏာကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ခွဲဝေပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း"**ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ဤအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် **ဈေးကွက်စီးပွားရေးစနစ်အရ လိုအပ်လျှင် လိုအပ်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပင် လုပ်ပိုင်ခွင့်များပေးနေပြီဖြစ်ရာ နောင်ပေါ်ပေါက်လာမည့် ဥပဒေပြုအဖွဲ့အစည်းများက ဥပဒေများပြဋ္ဌာန်းသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့လည်း စီမံခန့်ခွဲခွင့်များရရှိအောင် ထည့်သွင်းစဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။**

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် စွမ်းအင်၊လျှပ်စစ်၊သတ္တုနှင့် သစ်တောကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး–

"၁။ ရေနံ၊သဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စု ဥပဒေအရ ဘေးအန္တရာယ်ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြားအရည်အခဲစသည်များ၊

၂။ ပြည်ထောင်စု လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊

၃။ သတ္တုများ၊သတ္တုတွင်းများ၊ သတ္တုတွင်းအလုပ်သမား ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေး၊

၄။ ကျောက်မျက်ရတနာ၊

၅။ ပုလဲ

၆။ သစ်တော၊

၇။ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး"ဟုလည်းကောင်း၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ဖော်ပြရမည့် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍဆိုင်ရာ အကြောင်းကိစ္စနှင့် စပ်လျဉ်းပြီး–

"၁။ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊

၂။ ဆားနှင့်ဆားထွက်ပစ္စည်း၊

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း၊

၄။ ကျေးရွာထင်းစိုက်ခင်း၊

၅။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ရုက္ခဗေဒဥယျာဉ်"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသွားသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၂ မှ

"၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ၊

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ၊

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းသာ သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး"

ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူများချမှတ်လိုက်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသွားသည်။

၂၀၀၅ခုနှစ် မတ် ၃ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "လူမှုရေးကဏ္ဍ"နှင့်" စီမံခန့်ခွဲရေးကဏ္ဍ"တို့ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက်နှင့် "တရားစီရင်ရေးကဏ္ဍ"၊"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ"၊ "ပြည်ထောင်စုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေအပ်နှင်းရေး" တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဒေါက်တာ တင်အောင်အေး၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံတို့ကို မတ်၆ရက်ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

သမိုင်းဝင်ရွှေမြင်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၄

ပန်းတနော်မြို့နယ်လုံးဆိုင်ရာ သမိုင်းဝင်ရွှေမြင်တင်စေတီမြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ရှေးဦးစွာ တရားပွဲများ ညစဉ်၇နာရီမှစတင်၍ ကျင်းပပြီးနောက် အငြိမ့်ဇာတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ ပျော်ပွဲရွှင်ပွဲကြည့်ချင်ပွဲများဖြင့် မတ်၁၈ရက်မှ ၂၄ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ (တပေါင်းလပြည့်) မတ်၂၄ရက်တွင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ရေစက်ချတရားနာယူပြီး သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)ကလည်း ယခင်နှစ်များကဲ့သို့ စတုဒိသာ ကျွေးမွေးခြင်းတို့ကို လာရောက်လှူဒါန်းကြမည်ဟု သိရသည်။ **(က–ပ)**

တာမွေမြို့နယ် မြန်မာ့ဂုဏ်ရောင်အိမ်ရာ မေတ္တာညွန့်ရပ်ကွက်မြို့ဦး ပရိယတ္တိစာသင်တိုက်၌ စာချစာအောင်သံဃာတော်များအား (၂၅)ကြိမ်မြောက် ငွေရတုဂုဏ်ပြုပူဇော်ပွဲကို မတ်၂ရက်ကကျင်းပရာ ပထမကြီးတန်းအောင် ရှင်ဝေပုလ္လအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (၁၁၅)

ပဲခူး ဟသ်ာကုန်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၄

ပဲခူးမြို့ ဟသ်ာကုန်းစေတီတော်မြတ်ကြီး၏ (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၆၆ ခုနှစ် တပေါင်းလဆန်း၁၀ရက်)မတ်၁၉ရက် (စနေနေ့)တွင် စတင်ဖွင့်လှစ်ကျင်းပသွားမည်ဖြစ်သည်။ မတ် ၂၁ရက်မှ ၂၃ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကျင်းပပြီး မတ်၂၄ရက် (တပေါင်းလပြည့်နေ့)နံနက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနား၊ ဆွမ်းတော်ကြီးတင်လှူပွဲနှင့် ယင်းနေ့ ညနေ၃နာရီတွင် သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ကို ကျင်းပမည်ဖြစ်သည်။

တပေါင်းလပြည့်ကျော်၁ ရက်မှ တပေါင်းလကွယ်နေ့ဖြစ်သော မတ်၂၅ ရက်မှ ဧပြီ၈ရက်အထိ ပဲခူး နန်ကရိုင်းမယ်တော်ကြီး ဒေဝဒါနပူဇော်ပသပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်။ လှူဒါန်းလိုသော ပါရမီရှင်များအနေဖြင့် ရင်ပြင်တော်ပေါ်ရှိ သာသနိကအဆောက်အအုံများ၊ မုခ်ဦးစောင်းတန်းများကို ပြုပြင်မွမ်းမံ တည်ဆောက်ရန်နှင့် ပွဲတော်ရက်အတွင်း ဆွမ်းဆန်စိမ်းလောင်းလှူရန်အတွက် ဂေါပကအဖွဲ့ရုံး ဖုန်း–၀၅၂–၂၁၈၉၇သို့ ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

The Commerce Journal အတွဲ (၅)၊အမှတ် (၃) ဖြန့်ချိ

ရန်ကုန် မတ် ၄

၂၀၀၅ ခုနှစ် မတ် ၁ ရက်တွင် ထုတ်ဝေသည့် The Commerce Journal အတွဲ (၅)၊အမှတ် (၃)တွင် ဆရာမောင်စူးစမ်း၏ ဓမ္မနှင့်ဆိုက်ဘာယဉ်တွဲ၊ ဆရာအောင်သင်း၏ ကျွန်တော်ကျောင်းဆရာ၊ ဦးဟန်ထွန်း၏ တရုတ်ဈေးနဲ့ရောင်းနိုင်မလား၊ မောင်တိုင်ပင်၏ မြန်မာ့ပဲထောပတ်၊ ရွှေပင်ရင်း၏ ပြည်တွင်းဖြစ်တွေဈေးကွက်ဝင်ဖို့၊ ဦးမောင်မောင်(မော်ကျွန်း)၏ မူပိုင်ခွင့်နှင့် နည်းပညာ၊ ဒေါက်တာခင်မောင်ညို၏ စီမံအုပ်ချုပ်မှုပညာ၊ ဒေါက်တာအေးကျော် (ဆေးသုတေသန)၏စီးပွားရေးလောကကို ထိုးဖောက်လာသော DNA ပညာ၊ မောင်ပုဆိုးကြမ်း၏ တရုတ်နိုင်ငံရဲ့အိမ်ရာပြဿနာ၊ ဖိုးသိကြား၏ မြန်မာပြည် မြောက်ဘက်ခြမ်းမှ ဝါရှင်တန်ပန်းသီးများ၊ နေဇော်၏ Miss ASEAN-2005°၊ သုတရသဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး အမှတ်၃၈ လမ်း၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့မှ ဖြန့်ချိထားကြောင်း သိရသည်။ **(က–ပ)**

ကမ္ဘာတစ်လွှားအားကစား

ရီးယဲလ်နိုင်ပွဲရ ဘာစီလိုနာကို ဖိအားပေး ဗီလာရီးယဲလ်လည်းအနိုင်ရပြီး တတိယနေရာ၌ရှိမြဲ

မက်ဒရစ် မတ် ၃

စပိန်လာလီဂါဘောလုံးပွဲစဉ်(၂၆) လက်ကျန်ဘောလုံးပွဲများကို မတ်၂ရက်က ဆက်လက်ကျင်းပရာ ရီးယဲလ်မက်ဒရစ်က ရီးယဲလ်ဘက်တစ်ကို အိမ်ကွင်း၌ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗီလာရီးယဲလ်က မာလော့ကာကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ရီးယဲလ်မက်ဒရစ်အနေဖြင့် တန်းစီဇယားထိပ်ဆုံးတွင်ရှိနေသော ဘာစီလိုနာနှင့် ခြောက်မှတ်သာကွာသည့် အနေအထားရှိကာ ဖိအားပေးလျက်ရှိသည်။

ရီးယဲလ်မက်ဒရစ်နှင့်ရီးယဲလ်ဘက်တစ်

ရီးယဲလ်မက်ဒရစ်ကွင်း အီစတာဒိုင် ရိုဆန်တီယာရိုဘာနေဗြူး၌ ကစားရသည့်ပွဲကို ရှေ့တန်းတိုက်စစ်မှူးများအဖြစ် ရော်နယ်ဒို၊ မိုက်ကယ်အိုဝင်နှင့် ဆိုလာရီတို့ကိုထားကာ ကစားခဲ့သဖြင့် ရီးယဲလ်မက်ဒရစ်တို့ ပိုမိုထိုးဖောက်ကစားနိုင်ပြီး ပွဲချိန် ၁၀မိနစ်မှာပင် မိုက်ကယ်အိုဝင်က အဖွင့် ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အလယ်တန်းတွင် ဒေးဗစ်ဘက်ဟမ်းနှင့် ဖီဂိုတို့တွဲကာ ဘောလုံးဖြန့်ဝေပေးနိုင်မှုနှင့် တိုက်စစ်ကို လိုက်ပါဖြည့်ဆည်းပေးနိုင်မှုတို့ကြောင့် မိနစ်၄၀တွင် ရောဘတ်တိုကားလို့စ်က ဒုတိယဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းမှာပင် ရီးယဲလ်မက်ဒရစ်က နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ပွဲချိန်၅၉မိနစ်တွင် ရီးယဲလ်ဘက်တစ်တိုက်စစ်မှူး အီဒူးက ချေပဂိုးတစ်ဂိုး ပြန်သွင်းပေးခဲ့သော်လည်း ပွဲချိန် ၆၁မိနစ်တွင် ရီးယဲလ်မက်ဒရစ် နောက်ခံလူ အိုင်ဗင်ဟယ်ဂူရီယာက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ရီးယဲလ်မက်ဒရစ်က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဗီလာရီးယဲလ်နှင့်မာလော့ကာ

အိမ်ကွင်းရလဒ်ကောင်းသော ဗီလာရီးယဲက မိမိကွင်းအီစတာဒိုင်ရှိ အီလ်မာဒရီဂယ်၌ ဧည့်သည်မာလော့ကာကို ပွဲချိန်၁၆မိနစ်မှာပင် ဗီလာရီးယဲလ်နောက်ခံလူ ဂျာဗီဗင်တာ ဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းသလိုဖြစ်ပြီး စောစီးစွာလက်ဆောင်ဂိုး တစ်ဂိုးပေးခဲ့ရသည်။ ပွဲချိန် ၆၂မိနစ်တွင်မှ လူစားဝင်လာသူ ဖီရိုရာက တစ်ဂိုးသွင်းပေးပြီး လာလီဂါရောက်မှ ခြေပေါ်နေသော ဒီဂိုဖော်လန်က ပွဲချိန် ၈၄မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့သဖြင့် ဗီလာရီးယဲလ်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ တန်းစီဇယား၌ တတိယနေရာတွင် ဆက်လက်မြဲနေသည်။

ဖျက်ထုတ်



စပိန်လာလီဂါ ဘောလုံးပွဲစဉ်(၂၆) အဖြစ် ရီးယဲလ်မက်ဒရစ်နှင့် ရီးယဲလ်ဘက်တစ်တို့ကစားသည့်ပွဲတွင် ရီးယဲလ်မက်ဒရစ်မှရောဘတ်တိုကားလို့စ်(ဝဲ)က ဘောလုံးကို ဟန့်တားဖျက်ထုတ်စဉ်။ (ဓာတ်ပုံ– အင်တာနက်)

အခြားပွဲများ

အယ်ဘာစီတီ	၁	–	၁	အိုဆာဆူနာ
အက်ဖ်စီဆီဗီလာ	၂	–	၂	ဗလင်စီယာ
ဂီတာဖေး	၁	–	၁	ဒီပို့တီဗို
လီဗန်တေး	၁	–	၁	နူမန်စီယာ
မာလာဂါ	၁	–	၀	အက်လက်တစ်
ရေဆင်း	၂	–	၁	အက်သလက်တီကို
ရီးယဲလ်ဆိုစီဒက်	၂	–	၁	ရီးယဲလ်ဇာရာဂိုဇာ

(အင်တာနက်)

နွေရာသီကြက်တောင်ရိုက်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံကြက်တောင်ရိုက်အဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်မည့် နွေရာသီကြက်တောင်ရိုက်သင်တန်းကို အမျိုးသားကြက်တောင်အားကစားခန်းမတွင် မတ်၁၀ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်အနေဖြင့် မျိုးဆက်သစ်ကြက်တောင်ရိုက်အားကစားသမားများပေါ်ထွက်လာရေးကို ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ ယင်းသင်တန်းတွင် နိုင်ငံတကာ ကြက်တောင်အတွေ့အကြုံရှိ နည်းပြများက သင်ကြားပြသပေးမည်ဖြစ်သည်။

ဎင်းနွေရာသီကြက်တောင်သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် လမ်းမတော်မြို့နယ် အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမ ဖုန်း–၂၂၁၄၈၆၊ ဦးအောင်သန်းနှင့် ဦးသန်းထွန်းအောင်တို့သို့ စုံစမ်းဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

လောကမာရ်အောင် ဗုဒ္ဓရုပ်ပွားတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့ ပိဋကသုံးပုံကျောက်စာတော် အဆူ ၇၂၀ တည်ရှိရာ မဟာသံတန်ဆောင်းကြီး၌ ကိန်းဝပ်စံပျော်တော်မူသော လောကမာရ်အောင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏(၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၃၀ရက်မှ ဧပြီ၈ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရာ၌ မတ်၃၀ရက်မှ ဧပြီ၂ရက်အထိ လောကမာရ်အောင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီး၊ နံ့သာ၊ ပန်း၊ ရေချမ်း၊ ဆွမ်း ခဲဖွယ်များ ကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ခြင်းနှင့် သံဃာတော်များအား စာရေးတံမဲ များ ကပ်လှူပူဇော်သွားမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲများကို ဧပြီ ၂ရက်မှ ၈ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးအေးလွင်(ညွှန်ကြားရေးမှူး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်အေးအေးသိန်း(အထပြ၊ အထက-၂၊ မင်္ဂလာဒုံ)

တို့၏သားကြီး

ဗိုလ်ကောင်းထူးလွင်

(M.B.,B.S) (DSMA)

နှင့်

ရန်ကုန်မြို့နေ ဦးသန်းရွှေ [ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန]-ဒေါ်ခင်ဝင်းတို့၏တစ်ဦးတည်းသောသမီး

နန်းငုဝါဝါလှိုင်

B.Sc (Hons),IC

တို့၏ ၂-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့)တွင် Sedona Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီ၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော (ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင်၊ ငြိမ်း)၏ဇနီး ဒေါ်ခင်သိန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၏ဇနီး ဒေါ်တင်တင်ညွှန့်တို့အားလည်းကောင်း၊ ကြွရောက်အားပေးချီးမြှင့်ကြသော ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကောင်းထူးလွင်-နန်းငုဝါဝါလှိုင်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၂-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့) Sedona Hotel ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မေတ္တာဖြင့်ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ဗိုလ်ကောင်းထူးလွင်-နန်းငုဝါဝါလှိုင်။

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

လားရှိုးမြို့နေ

ဒုတိယဗိုလ်မှူးကြီး ကြီးမြင့်(ငြိမ်း) ညွှန်ကြားရေးမှူး [ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့]-ဒေါ်စိန်စိန်မြင့်တို့၏သားကြီး

ဗိုလ်ကြီးပြည့်ဖြိုးအောင်

B.Sc (D.S.A) တပ်မတော်(ရေ)

နှင့်

သန်လျင်မြို့နေ

ဒုတိယဗိုလ်မှူးကြီးကြဲတိုင်းဆောင်(ငြိမ်း) ညွှန်ကြားရေးမှူး(ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့)-ဒေါ်မြမြဆွေတို့၏သမီးကြီး

မအေးမြသီတာ

B.Sc (Q), M.Sc;(Part I) (Maths), IDCS (UK)

တို့၏ ၂၇-၂-၂၀၀၅ရက် (တနင်္ဂနွေနေ့)တွင် သန်လျင်မြို့နေအိမ်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်းတရားရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုတင်၊ ၂-၃-၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့)တွင် Summit Park View Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ချီးမြှင့်ပေးသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွှန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီးအား လည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ လက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ သတို့သားအရန်များဖြစ်ကြသော ဗိုလ်ဝင်းရွှေလင်းနှင့် ဗိုလ်သက်လွင်ဦး၊ သတို့သမီးအရန်များဖြစ်ကြသော မယမင်းဖြိုးနှင့် မသက်စုဆွေအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအိရွှေစင်၊ မင်္ဂလာပန်းကြဲပေးသော မတင်ဇာဖြိုးအားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာပန်းများအလှဆင်ပေးသော နီနီ(ပွိုင့်)၊မိတ်ကပ်ဆံပင်အလှဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေးနှင့် မင်္ဂလာရတုသီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြ၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော A-1 စိုးမြင့် တေးဂီတအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲမှတ်တမ်းတင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးသော ဝဏ္ဏခွာနီနှင့်အဖွဲ့အားလည်းကောင်း၊ Summit Park View Hotel မှ Kris နှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော မိတ်ဆွေ၊ဆွေမျိုးသင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးပြည့်ဖြိုးအောင်-မအေးမြသီတာ။

အမည်ပြောင်း

ဦးတင်ဝင်း၏သားဖြစ်သူ အမက (၈)မရမ်းကုန်း စတုတ္ထတန်း(A)မှ မောင်ပြည့်စုံဝင်းအား မောင်မင်းခန့်ဟုပြောင်းလဲခေါ်ပါရန်။

မောင်မင်းခန့်။

အမှတ် ၂၂၅ ခရေပင်လမ်း ၂၃ရပ်ကွက် သုဝဏ္ဏနေ ဦးဝင်းဇော်ညွှန့်-ဒေါ်သန်းသန်းကြည် သားသမီး မြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီးက လက်ခံယူစဉ်။ (က-ပ)

ကသာခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၄

ကသာခရိုင်အသင်း(ရန်ကုန်)၏ ၂၀၀၃ခုနှစ်၊ ၂၀၀၄ခုနှစ် နှစ်နှစ်အတွက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်နှစ်ပတ်လည် ခုနစ်မြို့နယ်မိသားစု မိတ်ဆုံပွဲကို မတ် ၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ် သစ်လုပ်ငန်းခန်းမှာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်မိသားစုများ၏ ၇၅နှစ်ပြည့်ပြီး ကန်တော့ခံ ဘိုးဘွားများစာရင်းနှင့် ၂၀၀၃-၂၀၀၄ခုနှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရသည့် သားသမီးများစာရင်းကို ဦးစိုးနိုင် ဖုန်း-၆၆၃၀၀၄၊ ဒေါ်ခင်ပြုံး ဖုန်း- ၅၇၂၈၁၀၊ ဦးဖေတင် ဖုန်း-၅၀၂၀၀၅၊ ဒေါ်ညွှန့်ညွှန့်ရွှေ ဖုန်း-၆၆၃၆၄၁နှင့် ဒေါ်မာမာထူး ဖုန်း- ၅၇၁၆၈၂ တို့သို့ ဆက်သွယ်ကြရန်နှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မြို့နယ်သူမြို့နယ်သားများအားလုံးကြွရောက်ပါရန် ဖိတ်ကြားကြောင်းသိရသည်။

(က-ပ)

မီးဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)၊ ရွှေနှင်းဆီရိပ်သာလမ်းနေ

ဦးကျော်လွင် (Planning Engineer, Petronas Petroleum Co., Ltd.)-

ဒေါ်ရီရီလွင် (ဒု-လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ ငြိမ်း)

တို့၏သားလတ်

မောင်အောင်မိုးလွင်

B.E (E.P), M.B.A (Part II)
I.D.C.S, I.H.D.C.S (NCC, UK), Dip in B.T
Director (Myanmar Shwe Su Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ၁၂၀(F)၊ အနောက်ရွှေဂုံတိုင်၊ အုတ်လမ်းသွယ်နေ

ရွှေမန်းတောင်ဆေးတိုက် ဦးခင်မောင်ဝင်း-ဒေါ်ခင်လှိုင်မြင့်

တို့၏သမီးငယ်

မခင်သူဇာဝင်း

M.Sc., M.Res (Engineering Maths.)
I.D.C.S, I.H.D.C.S (NCC, UK)
Diploma in Business Law

တို့ကို ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ ၁-၃-၂၀၀၅ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မိုးလွင်-မခင်သူဇာဝင်း။



ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း

(LL.B.)နှင့်ဆက်သွယ်ပါ။
ဖုန်း ၀၁-၃၇၈၆၄၉
တိုက်အမှတ်(၁၇)၊အခန်း(၅)၊မြေညီထပ်၊ ဦးဝိစာရအိမ်ရာ(မင်းမနိုင်)၊ဒဂုံမြို့နယ်။ ရန်ကုန်မြို့။(ပိတ်ရက်မရှိ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွှန့်မြို့နယ် မြေတိုင်းရပ်ကွက် ၁၂ H၊ မြေကွက်အမှတ်(၁၀) ဒေါ်ခင်ညွှန့် အမည်ပေါက် မြေကွက်ကို အမှတ်(၄) ဒိုဘီလိုင်း၊ မန္တလေးလမ်းသွယ်(၁)နေ ဦးလှထွန်းအောင် ၁၂/တမန(နိုင်)၀၄၉၉၇၉က အမည်ပြောင်းခွင့်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

မြန်မာ့ကျက်သရေ မန္တလာမြေ

"လာ မေလိုက်ခဲ့တော့
ငယ်ကြိုက်ကယ်ကြင်ဆွေ
တို့မန်းမြေမှာ
ကန်တော်ရေ ချိုချိုသောက်ပါလို့
ဘေးပျောက်လို့ ရန်ကွာ
သာယာထူးတဲ့ မြို့ပလေး။ ။"

(အမည်မသိရေးစာဆို)

စာရေးသူသည် မန္တလေးမြို့သို့ အလည်တစ်ခေါက်ရောက်ရှိစဉ် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့သည်။

မန္တလေးမြို့သည် ကုန်းဘောင်ခေတ်တွင် မင်းတုန်းမင်းတရားကြီး တည်ထောင်ခဲ့သော ရတနာပုံနေပြည်တော်ဖြစ်သည်နှင့်အညီ မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ စုဆောင်းထားရာ ပြတိုက်ကြီးသဖွယ် တည်ရှိနေသည်။

မြန်မာ့အနုသုခုမပညာရပ်များနှင့် အသက်မွေးမှု အတတ်ပညာရပ်များဖြစ်သည့် ပန်းဆယ်မျိုးဆိုင်ရာ လက်မှုအနုပညာလုပ်ငန်းများ ထွန်းကားသောဒေသဖြစ်ရာ မန္တလေးမြို့တွင် ကမ္ဘာလှည့်ခရီးသည်များ စည်ကားလျက်ရှိသည်။

ကမ္ဘာပေါ်တွင် လူသိများလှသည့် ပုဂံ-ညောင်ဦးဒေသမှဘုရားပုထိုး စေတီအဆူဆူကိုလည်း သွားရောက်ဖူးမြော်ခဲ့သည်။ ပုဂံမြို့ဟောင်းသည် မြန်မာနိုင်ငံကို ကမ္ဘာကသိစေသော မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ စုစည်းတည်ရှိရာ ပုဂံခေတ်၏ ရှေးဟောင်းမြို့တော်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀၀ ကျော်ကပင် ပုဂံခေတ်ထွန်းကားခဲ့သည်။ ပုဂံခေတ်၏ နေပြည်တော်ဖြစ်ခဲ့သည်နှင့်အညီ ပုဂံဒေသတွင် ဘာသာရေး၊ စာပေနှင့် ယဉ်ကျေးမှုအနုပညာရပ်များ ထွန်းကားခဲ့သည်ကို ယနေ့တိုင် မပျက်မစီး တည်ရှိနေသည့် ဘုရား၊ ပုထိုး၊ စေတီ၊ ဂူကျောင်း၊ ပိဋကတ်တိုက်၊ သိမ်စသည် တို့တွင် လေ့လာနိုင်သည်။

၁၆စတုရန်းမိုင်ကျယ်ဝန်းသည့် ပုဂံမြို့ဟောင်းဒေသတွင် ဘုရားစေတီပေါင်း နှစ်ထောင်ကျော် စာရင်းဝင်တည်ရှိနေသည့်အတွက် သမိုင်းသုတေသီများနှင့် ကမ္ဘာလှည့်ခရီးသည်များအတွက် အာရှတိုက်သား မြန်မာတို့၏ ယဉ်ကျေးမှုအမွေရတနာသိုက်ကြီးအဖြစ် စိတ်တိုင်းကျလေ့လာ ဆည်းပူးနိုင်ကြပေသည်။

မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ပုဂံသည် မန္တလေးတိုင်းအတွင်း တည်ရှိသဖြင့် ပုဂံခေတ်နှင့်ကုန်းဘောင်ခေတ်တို့၏ မြန်မာ့ယဉ်ကျေးမှု အနုပညာ လက်ရာများ ထွန်းကားပြန့်ပွားမှုကိုလည်း ဆက်စပ်ကြည့်ရှုလေ့လာနိုင်သည်။ ပုဂံ-ညောင်ဦးဒေသတွင် ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့်အတူ ဟိုတယ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ပုဂံဒေသ၏ ဂုဏ်သတင်းသည် ကမ္ဘာသို့ပျံ့နှံ့လျက် ရှိသည်နှင့်အမျှ ပုဂံဒေသ၌ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလျက်ရှိပြီး ဒေသခံပြည်သူတို့၏ လူနေမှုအဆင့်အတန်းများစွာ တိုးတက်ပြောင်းလဲလျက် ရှိနေပါသည်။

မျက်မှောက်ခေတ်၌ နိုင်ငံတော်တွင် စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေး အခြေခံအဆောက်အအုံများ ပြည့်စုံလုနီးပါး တည်ဆောက်ပေးထားပြီးဖြစ်ရာ ယခုအခါ လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဖွံ့ဖြိုးရေး စီမံကိန်း ၁၂ ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။ ယင်းစီမံကိန်းကြီး ၁၂ခုအနက် မန္တလေးတိုင်းမှ ရဲရွာရေအားလျှပ်စစ် စီမံကိန်းကြီးလည်း အပါအဝင်ဖြစ်ပါသည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် မန္တလေးမြို့ အရှေ့တောင်ဘက် ၃၀မိုင်အကွာ မြစ်ငယ်မြစ်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး အားပေးပြီး လုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြား ဖြည့်ဆည်းပေးခဲ့သည်။

ကမ္ဘာပေါ်တွင် ယနေ့အထိ ကွန်ကရစ်ဖြင့်တည်ဆောက်ထားသည့် တမံပေါင်း ၂၈၇ ခုရှိရာ ယခုတည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း၏ ပင်မတမံမှာ ကွန်ကရစ်တမံ (Roller Compacted Concrete Dam)အမျိုးအစားဖြစ်ပြီး ဤတမံကြီး ပြီးစီးပါက ကမ္ဘာပေါ်တွင် အကြီးစားစာရင်းဝင် ကွန်ကရစ်တမံတစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြစ်ငယ်မြစ် ရေလွှဲခြင်းလုပ်ငန်းကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် အောင်မြင်စွာ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဘိလပ်မြေနှင့်ကုန်ကြမ်း ပစ္စည်းများ သယ်ယူမည့် ကျောက်ဆည်-ရဲရွာ-ဆင်မင်းဘိလပ်မြေစက်ရုံ ကားလမ်းကိုလည်း ဖောက်လုပ်လျက်ရှိသည်။ စီမံကိန်းအတွက် မရှိမဖြစ်လိုအပ်သည့် ဒုဋ္ဌဝတီမြစ်ကူးတံတား(ရဲရွာ)ကိုလည်း တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၀၄ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ စီမံကိန်းပြီးစီးပါက ရရှိလာမည့် ဓာတ်အားများကို ရွှေစာရံ၊ ဘယ်လင်းနှင့် မိတ္ထီလာတို့၌ ဓာတ်အားခွဲရုံများ တည်ဆောက်၍ မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်မိစေရန် စီစဉ်ဆောင်ရွက်လျက် ရှိနေပေသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

"စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ပေးထားသည့် အချိန်ကာလထက် ဖြစ်နိုင်သမျှစော၍ ပြီးစီးအောင် ကြိုးကြိုးစားစားဆောင်ရွက်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားရန် လိုကြောင်း။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးအဖွဲလုပ်ငန်းဟူ၍ သဘောမထားဘဲလုပ်ငန်းတိုင်းကိုသတ်မှတ်စံချိန်စံညွှန်းများနှင့် ညီညွတ်စေရန် စနစ်တကျဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရဲရွာစီမံကိန်းသည်ကြီးမားသည့် စီမံကိန်းလုပ်ငန်းကြီးဖြစ်၍ ပို၍သတိပြု အလေးထား ဂရုစိုက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ထို့ပြင် စီမံကိန်း၌ ပစ္စည်း၊ ငွေကြေးတို့ကို အလေအလွင့် အဆုံးအရှုံးမရှိစေဘဲ မကုန်ကျသင့်သည်များ မကုန်ကျရအောင် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း"

ဖြင့် လမ်းညွှန်မှာကြားခဲ့သည်။

မန္တလေးတိုင်းအတွင်း၌ စိုက်ပျိုးရေးစွမ်းအား မြင့်မားစေရေးအတွက် နိုင်ငံတော်က ဆည်တမံများတည်ဆောက်ပေးလျက်ရှိရာ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်း ရေလွှဲဆည်သည် စမုံချောင်းမှရေများကို သိုလှောင်ထိန်းသိမ်းထားသော ဆည်တစ်ခုဖြစ်ပြီး အလျားပေ ၄၀၀၊ အမြင့် ၁၂ပေ ၅ လက်မရှိ ကိုယ်ထည်ကျောက်ဖြည့် သံကူကွန်ကရစ်စနစ်ဖြင့် တည်ဆောက်ထားသော ရေပိုလွှဲဆည်တစ်ခုဖြစ်သည်။ ရေဆင်းဧရိယာမှာ ၉၄၉ စတုရန်းမိုင်ဖြစ်ကြောင်း သိရသည်။ လယ်မြေ ၅၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ရမည်းသင်းမြို့ အရှေ့ဘက် ခြောက်မိုင်ခန့်အကွာ ပျဉ်ပြားကျေးရွာအနီး လဲဖြူချောင်းပေါ်တွင် တည်ဆောက်ထားသော လဲဖြူရေထိန်းတမံကိုလည်း ခရီးကြုံသဖြင့် ဝင်ရောက်လေ့လာခဲ့သည်။ လဲဖြူရေထိန်းတမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး အမြင့်ပေ ၂၀၊ အလျားပေ၃၀၀၀ရှိပြီး ဧက ၂၅၀၀ကို တိုက်ရိုက်ရေပေးနေပြီ ဖြစ်သည်။

ကျင်သာဆည်သည် မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျင်သာ ရွာအနီး သိမ်ကုန်းချောင်းပေါ်တွင် တည်ဆောက်ထားသည့် မြေသား တမံအမျိုးအစားဖြစ်ပြီး မလှိုင်မြို့နယ်၏ လယ်ယာကုန်ထုတ်လုပ်မှုနှင့် ဒေသစိမ်းလန်းစိုပြည်မှုတို့ကို အထောက်အကူပြုသွားမည့် ဆည်တစ်ခုဖြစ်သည်။

မလှိုင်မြို့နယ်သည် နှစ်စဉ်မိုးရေချိန်လက်မ ၂၀ကျော်ခန့်သာ ရွာသွန်းလေ့ရှိသဖြင့် စိုက်ပျိုးရေ ရရှိရေးအတွက် ပုန်းမကြည်ရေလှောင်တမံကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၂၂ရက်တွင် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်၍ အောက်ပါအတိုင်း အမှာစကား ပြောကြားခဲ့သည်-

"နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားသည့် အညာဒေသတစ်ခွင်တွင် စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေ ရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံချက်ကို ခိုင်ခိုင်မာမာချမှတ်ပေးပြီး လက်တွေ့အကောင်အထည်ဖော်စေခဲ့ခြင်းဖြစ်ကြောင်း၊ အညာဒေသ၏ရေရှည်အကျိုးစီးပွားအတွက် ချမှတ် ပေးထားသည့် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံချက်ကို နိုင်ငံတော်အဖွဲ့အစည်းများနှင့် ပြည်သူ များ တက်ညီလက်ညီပူးပေါင်းအကောင်အထည် ဖော်နိုင်ခဲ့သည့်အတွက် အောင်မြင်မှုများရရှိလာသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ ကိုးခရိုင် စိမ်းလန်း စိုပြည်ရေးစီမံချက်သည်လည်း ၁၃ခရိုင်အထိ တိုးချဲ့ပြီး အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေး စီမံချက်အဖြစ် တိုးတက်ပြောင်းလဲလာခဲ့ကြောင်း။

"အညာဒေသ၏ရနိုင်သမျှ ရေအရင်းအမြစ်များကို လေ့လာသုံးသပ်ပြီး ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေး လုပ်ငန်း များကို ငွေကြေးအရင်းအနှီး မြောက်မြားစွာ အကုန်အကျခံပြီး တစ်ခုပြီး တစ်ခု တည်ဆောက်ပေးခဲ့ကြောင်း၊ တစ်နည်းအားဖြင့် ရွှေနှင့်ငွေစက်ပြီး ရှားပါးလှသည့် ရေအရင်းအမြစ်များကို စုစည်းဖော်ထုတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ယခုကဲ့သို့ ကြိုးစားပမ်းစား တည်ဆောက်ပေးထားသည့် ရေရရှိရေးအခြေခံကောင်းများကြောင့် အညာဒေသတွင်ရှိသည့် ယာမြေများသည် လယ်မြေများအဖြစ် ပြောင်းလဲနေပြီး စပါးမစိုက်ဖူးသည့်တောင်သူများသည် စပါးစိုက်ပျိုးနေကြပြီ ဖြစ်ကြောင်း"

မန္တလေးတိုင်း၏ စိုက်ပျိုးရေးပုံစံ တိုးတက်ပြောင်းလဲမှုကို ရှင်းလင်းပြောကြားခဲ့သည်။

မန္တလေးတိုင်းအတွင်း တည်ဆောက်ပြီးသည့် ဆည်တမံများကို လေ့လာကြည့်မည်ဆိုလျှင် ဇီးတောဆည်၊ သပြေရိုးဆည်၊ ကျောက်တစ်လုံးဆည်၊ စွန်းလွန်းဆည်၊ ဝဲလောင်ဆည်၊ သမတ္တုဆည်၊တောင်သာ ဆည်၊ စမုန်ဆည်၊ သက်တော်ဆည်၊ ချောင်းကောက်ဆည်၊ ဆင်သေ ဆည်၊ သဖန်းချောင်းဆည် စသည့်ဆည်များ အများအပြား တည်ရှိနေကြောင်းတွေ့ရှိ နိုင်ပါသည်။

ယခုကဲ့သို့ ငွေကြေးကျပ်သန်းပေါင်းများစွာ အကုန်အကျခံလျက် ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးနေခြင်းသည် ကျေးလက်ဒေသများ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှသည် တိုင်းဒေသအတွင်း ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဖော်ဆောင်ပေးနေခြင်းပင် ဖြစ်သည်။

မန္တလေးတိုင်းတွင် ဆန်စပါး၊ နှံစားပြောင်း၊ မိုးမြေပဲ၊ ဆောင်းမြေပဲ၊ နှမ်းလျှင်၊ နှမ်းကြီး၊ နေကြာ၊ ဝါ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲထောပတ်၊ ဘိုကိတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပြောင်းဖူး၊ ဂျုံ၊ ပဲပုပ်၊ ပဲလွန်း၊ ပဲဖြူလေး၊ ပဲကြီး၊ စားတော်ပဲ၊ ပဲရာဇာ၊ ပဲနောက်၊ ငရုတ်၊ ကြက်သွန်၊ အာလူး စသည်များစိုက်ပျိုးထွက်ရှိရာ မန္တလေးတိုင်းသည် နိုင်ငံတော်အတွက် အားကိုးရသော စိုက်ပျိုးစွမ်းအား ဖြစ်ထွန်းရာ တိုင်းကြီးတစ်တိုင်းအဖြစ် တည်ရှိနေသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တစ်နိုင်ငံလုံးတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကလည်း ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းတာဝန်ကြီးနှစ်ရပ်ကို ဆောင်ရွက်ပေးလျက်ရှိသည်။ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း အပူပိုင်းဒေသ တိုင်းသုံးတိုင်း ရေရရှိရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေနှင့် စည်ပင်သာယာရေး ရန်ပုံငွေကျပ် ၁၅၈၃သန်းကျော်၊ စေတနာရှင်ပြည်သူများ၊ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၇၉၇ ဒသမ ၈၆ သန်းကျော် စုစုပေါင်းငွေကျပ် ၂၃၈၁ သန်းကျော် သုံးစွဲဆောင်ရွက်ပေးခဲ့ သည်။

ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် ၅၄၀၅ ရွာ ဆောင်ရွက်ပေးထားပြီးဖြစ်ရာ မန္တလေးတိုင်းအနေဖြင့် မြို့နယ် ၂၆ မြို့နယ်ရှိ ရေခက်ခဲသော ကျေးရွာ ၄၁၁၉ ရွာအနက် ၃၁၈၃ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ပုဂံသည် မန္တလေးတိုင်းအတွင်း တည်ရှိသဖြင့် ပုဂံခေတ်နှင့် ကုန်းဘောင်ခေတ်တို့၏ မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများ ထွန်းကားပြန့်ပွားမှုကိုလည်း ဆက်စပ်ကြည့်ရှုလေ့လာနိုင်သည်။ ပုဂံ-ညောင်ဦး ဒေသတွင် ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးမှုနှင့်အတူ ဟိုတယ်လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ပုဂံဒေသ၏ ဂုဏ်သတင်းသည် ကမ္ဘာသို့ ပျံ့နှံ့လျက်ရှိသည်နှင့်အမျှ ပုဂံဒေသ၌ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလျက်ရှိပြီး ဒေသခံပြည်သူတို့၏ လူနေမှု အဆင့်အတန်းများစွာ တိုးတက်ပြောင်းလဲလျက် ရှိနေပါသည်။

မလှိုင်မြို့နယ်ပါဝင်သည့် မန္တလေးတိုင်းတွင် ၁၉၈၈ခုနှစ်မှစ၍ ယနေ့အထိ ဆည်တမံ အကြီးအသေး စုစုပေါင်း၃၄ခုကို နိုင်ငံတော်ကငွေကျပ်သန်းပေါင်း ၇၀၀၀ခန့် ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်ပေးထားသည်။ ထိုဆည်အစုအဖွဲ့များကြောင့် စိုက်ပျိုးမြေဧက သုံးသိန်းနှစ်သောင်းကျော် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိနေပေသည်။

မလှိုင်မြို့နယ် ကျင်သာရွာအနီးရှိ ကျင်သာရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ၂၁-၉-၂၀၀၂ရက်နေ့ကကျင်းပခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ...

သဃ်န်းကျွန်းမြို့နယ်အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၈ရက်က ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်လက်ထောက် ပညာရေးမှူး ဦးတင်ဌေးက ဒုတိယ တန်းဘက်စုံ ထူးချွန်ဆုရ မဖူးဝေဖြိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

အင်းစိန်မြို့နယ် ပိန္နဲကုန်းသရက်ခြံ(၅)လမ်း အမှတ်(၅၈၀)နေ ဦးကြီးညွှန့်-ဒေါ်ခင်ဝင်းရီ မိသားစုက ကွယ်လွန်သူ အဘွား (ဒေါ်ကြင်ညွှန့်) တစ်နှစ်ပြည့်အား ရည်စူး၍ အင်းစိန်မြို့ ကွက်သစ် ရပ်ကွက်မာလာရာမကျောင်းဝင်းရှိ စိန်ရတနာနာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးထွန်းမင်းနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ရက်က ရပ်ကွက်ရုံးတွင်ကျင်းပရာ မန္တလေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဘိုရွှေက နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

ဟသ်ာတ ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ စစ်မှုဟောင်းအဖွဲ့ (ဗဟို)ကထောက်ပံ့သော အသက်၇၅ နှစ်အထက်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားထောက်ပံ့ငွေပေးအပ်ပွဲကိုဖေဖော်ဝါရီ ၃ရက် နံနက် ၉နာရီက ဟသ်ာတ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးဗိုလ်မှူးချစ်မြိုင်က ခရိုင်အတွင်းရှိအသက်၇၅နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဓနုဖြူမြို့ ရပ်တီ အမက(၅)ပညာရည်ချွန်ဆုနှင့် ဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်နှစ်တတိယတန်းပညာရည်ချွန် ပထမဆုနှင့် ၂၀၀၄ ခုနှစ်ပညာတန်ဆောင် စာစီစာကုံး ပြိုင်ပွဲ တစ်နိုင်ငံလုံးပထမဆုရ မောင်သူရစွမ်းပြည့်အား ကျောင်းအုပ်ဆရာမကြီးဒေါ်လှလှဝေက ဆုချီးမြှင့်စဉ်။ (ဝဓ၅)

ပညာတံခွန်စာကြည့်တိုက်ဖွင့်၊ စာအုပ်နှင့်အလှူငွေပေးအပ်

ကျောက်ဖြူ ဖေဖော်ဝါရီ ၁၄

ကျောက်ဖြူမြို့ တံခွန်တိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာတံခွန် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က အခြေခံပညာမူလတန်းကျောင်းရှေ့၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီတင်နှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်သန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို အခြေခံပညာမူလတန်းကျောင်း၌ ဆက်လက်ကျင်းပရာ ဒုတိယဦးစီးမှူးဦးညီတင်က စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ စာကြည့်တိုက်အဆောက်အအုံနှင့် စာအုပ်များ ရေရှည်တည်တံ့ရေးအကြောင်းကိုရှင်းလင်းပြောကြားပြီး အခြေခံပညာ မူလတန်းပြဆရာ ဦးလှယဉ်နှင့် ဦးထွန်းရွှေတို့က စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ရေရှည်တည်တံ့ရေးနည်းလမ်းများကို ဖြည့်စွက်တင်ပြသည်။

ထို့နောက် ပညာတံခွန်စာကြည့်တိုက်အတွက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်၊စာစောင် ၁၄၂အုပ်နှင့်စေတနာရှင် ကျေးရွာပြည်သူများက အလှူငွေကျပ် ၄၉၂၇၀ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အလားတူဖေဖော်ဝါရီ၅ရက်ကအောင်လံချိန် ကျေးရွာ၌ ဘဝအောင်လံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကိုဆက်လက်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကော့မှူးမြို့နယ်ဥက္ကဋ္ဌဖလား အမျိုးသားဘော်လီဘောပြိုင်

ကော့မှူး ဖေဖော်ဝါရီ ၂၀

ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသား ဘော်လီဘောပြိုင်ပွဲနှင့် မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌဖလား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ ဗိုလ်လုပွဲများကို ဇန်နဝါရီ၄ရက်က ကော့မှူးမြို့ အောင်ဇမ္ဗူအားကစားခန်းမ၌ကျင်းပသည်။

ဆုချီးမြှင့်

ထို့နောက် ဆုရအသင်းများအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ရင်သိန်းတို့က တံခွန်စိုက်ဆုဖလားနှင့်ဆုငွေများ ပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ၁၀ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မြို့သန့်ရှင်းသာယာလှပရေးနှင့်ပလက်ဖောင်းများပြုပြင်ခြင်းကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းနှင့် အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုစိတ်ဓာတ်ပိုမိုခိုင်မာရေး မိုင်းဖြတ်အထကတွင် ဟောပြော စာကြည့်တိုက်အတွက်စာအုပ်များလှူဒါန်း

မိုင်းဖြတ် ဖေဖော်ဝါရီ ၁၉

မိုင်းဖြတ်မြို့အခြေခံပညာ အထက်တန်းကျောင်းတွင် ဖေဖော်ဝါရီ ၄ ရက်က ပြည်ထောင်စုစိတ်ဓာတ် အကြောင်း ဟောပြောပွဲ ကျင်းပသည်။ **(ဝဲပုံ)**

ရှေ့ဦးစွာမိုင်းဖြတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဆမ်တစ်က ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာရေးအကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျောင်းစာကြည့်တိုက် အတွက်စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်က လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

စုပေါင်းသန့်ရှင်းရေး ကျောက်ပန်းတောင်း၌ကျင်းပ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၅

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို ဖေဖော်ဝါရီ၅ရက်က ကျောက်ပန်းတောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့်မြို့နယ်ပြည်သူ့ဆေးရုံတို့တွင် ဆောင်ရွက်ကြသည်။

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့်အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများနှစ်ဖွဲ့ခွဲ၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်းသိရသည်။ **(ဝဗ၁)**

ဒိုက်ဦးမြို့ ကန်ဦးအထက်တန်းကျောင်း စိန်ရတုပွဲ ကျင်းပမည်

ဒိုက်ဦး မတ် ၁

ဒိုက်ဦးမြို့ ကန်ဦးအထက်တန်းကျောင်း နှစ်(၆၀)ပြည့် စိန်ရတုပွဲကို မတ်၁၃ရက်တွင်အမှတ်(၄) ရပ်ကွက် ကန်ဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ၁၉၄၅ခုနှစ် က ကန်ဦးအထက်တန်းကျောင်း စတင်ထူထောင်ခဲ့ကြသော ဆရာမကြီးနှင့် အဝေးရောက်ကျောင်းသား ကျောင်းသူဟောင်းများဦးစီး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စိန်ရတုပွဲတွင် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊သံဃာ့ပူဇာများဖြင့်လှူဒါန်းပူဇော်မည်ဖြစ်ပြီး အခမ်းအနားတွင် မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ စာစီစာကုံးပြိုင်ပွဲဆုရရှိသူများနှင့် ပညာရည်ထူးချွန်ဆုရရှိသူများကိုလည်းကောင်း၊ ဘာသာရပ်ထူးချွန်ဆုနှင့် စာရိတ္တထူးချွန်ဆုရရှိသူများကို လည်းကောင်း၊ မြို့နယ်အတွင်းချို့တဲ့သောကျောင်းသား ကျောင်းသူများကို နှစ်စဉ် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ချီးမြှင့်မည်ဖြစ်ရာ အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများနှင့်ကျောင်းသား၊ကျောင်းသူဟောင်းများ ဆက်သွယ်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာအခြေခံပညာမူလတန်းကျောင်း၏ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၁၈ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ငွေးငွေးရှိန်က ပညာရည်ထူးချွန်ဆုရ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၀၆)

အမြို့မြို့အနယ်နယ် သတင်းများ

ဖေဖော်ဝါရီ၁၅ ရက်က မကွေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ရန်ပယ်ဈေး၌ မီးဘေး ကြိုတင်ကာကွယ် ရေး လက်တွေ့ သရုပ်ပြပွဲ ကျင်း ပ ရာ မကွေး ခရိုင် မီးသတ်တပ်ဖွဲ့မှူး ဦး သန်း ဆွေ နှင့် မြို့နယ် စည်ပင် သာယာရေးအဖွဲ့ဒုတိယဦးစီးမှူး(ဈေး)ဦးကျော်ငွေးဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ငွေရတု မွေးနေ့ဆုတောင်း

သားငယ်ကျော်ဇေယျာမင်း(ကိုခေတ်) ၃-၃-၂၀၀၅ ရက်တွင် ကျရောက်ခဲ့သော ငွေရတု မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်တစ်ရာတိုင် ကိုယ်၊ စိတ်၊ နှလုံး ပျော်ရွှင်ချမ်းမြေ့ခြင်း၊ ပြီးပြည့်စုံသောဘဝများကို ပိုင်ဆိုင်နိုင်ခြင်းဖြင့် မွေးနေ့ပေါင်းများစွာကို ဖြတ်သန်းနိုင်ပါစေ။

ချစ်ဖေဖေ – ဦးသောင်းရွှေ
ချစ်မေမေ – ဒေါ်သန်းသန်း
ချစ်ကိုကြီး – ကိုထွန်းထွန်းလင်း–မမော်ရည်ကျော်
ချစ်မကြီး – မချယ်ရီ
ချစ်ဇနီး – မဇာဇာလှိုင်(အားဂု)
ပုသိမ်မြို့။



မော်လမြိုင်မြို့ တောင်ဝိုင်းကလေး၊ မဟာစည်သာသနာ့ရိပ်သာ၏ စိန်ရတုဓမ္မာရုံတော်ကြီး၊ ရေလှောင်ကန်ကြီးနှင့် ကတ္တရာလမ်းခင်းခြင်း ကုသိုလ်တော်များ ရေစက်သွန်းချ အလှူမင်္ဂလာ ဖိတ်ကြားခြင်း

မော်လမြိုင်မြို့ တောင်ဝိုင်းကလေး၊ မဟာစည်သာသနာ့ရိပ်သာ၏ စိန်ရတုဓမ္မာရုံ၊ ရေဂါလန်တစ်သိန်းကျော်ဆံ့ရေလှောင်ကန်ကြီးနှင့် ကတ္တရာလမ်းခင်းခြင်း ကုသိုလ်တော်များ ရေစက်သွန်းချ အလှူမင်္ဂလာ အခမ်းအနားကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၁၁ရက် (၂၀-၃-၂၀၀၅)ရက် တနင်္ဂနွေနေ့ စိန်ရတုဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များ ကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

သတိပဋ္ဌာန် ဝိပဿနာပြန့်ပွားရေးအဖွဲ့၊
တောင်ဝိုင်းကလေး၊ မဟာစည်သာသနာ့ရိပ်သာ
မော်လမြိုင်မြို့။

လက်ထပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် (၅၈)ရပ်ကွက် ဇေယျာဝဏ်လမ်း အမှတ်(၈၉၉/၉၀၄)နေ
ဦးစောလှိုင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးဗဟို)–ဒေါ်ခင်မြိုင်(ခ)
ဒေါ်ခင်ခင်လေး(ပွဲငှဉ့ယျာဉ်စားတော်ဆက်)တို့၏သားဦး
မောင်မျိုးဟန်ကြွယ် B.A(Painting)
(University of Culture, Yangon)
နှင့်
မြိတ်မြို့ တပ်ပြင်ရပ် ဘုရားကြီးလမ်း အမှတ်(၁၈)နေ ဦးသန်းလွင်(ခ) ဦးသာအောင်
(သာအောင်ပရိဘောဂနှင့် တံခါးဂွင်းလုပ်ငန်း)– ဒေါ်အေးအေးစီ တို့၏သမီးဦး
မဖြူပြာဖြိုး B.A(Sculpture)Q
(University of Culture, Yangon)

တို့အား ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တွဲဖက်တရားသူကြီး(၃) ဦးတင်ဝင်းနှင့် တရားရုံးချုပ်ရှေ့နေ ဦးတင်ထွန်းအားလည်းကောင်း၊ ၂၅-၂-၂၀၀၅ရက်(သောကြာနေ့) Yuzana Garden Hotel၌ ကျင်းပသည့် မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဦးတင်စိုး(ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ်)နှင့်ဇနီး ဒေါ်သက်သက်နိုင်(ကထိက ယဉ်ကျေးမှုတက္ကသိုလ်)၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ဦးမျိုးသန့်(Chid wood Industry Co., Ltd.) နှင့် ဇနီးဒေါ်မြမြသန်း(ကထိက– ဒဂုံတက္ကသိုလ်)၊ မင်္ဂလာညှော်ခံပွဲသို့ မေတ္တာဖြင့်ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မေတ္တာဖြင့် ရတနာများဆင်မြန်းပေးသော ပွင့်ဖြူပုလဲရတနာဆိုင်အားလည်းကောင်း၊ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးသော ဘိုးဘိုးဦးမြသီးနှင့်ဇနီး(ဘွားဘွားဒေါ်သန်းလှ)မိသားစုနှင့်ကြီးမေဒေါ်အုန်းမြင့် မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ Yuzana Garden Hotel မှ မန်နေဂျာ မမေဦးခင်နှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

၂၂-၁-၂၀၀၅ရက်(စနေနေ့) ဘုံတိုက်စိမ်းမင်္ဂလာခန်းမ၌ ကျင်းပခဲ့သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့သော စစ်ဘက်နယ်ဘက်ဆိုင်ရာ အရာရှိကြီးများနှင့် ဇနီးများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော သာအောင်အဖွဲ့သားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ တပ်ပြင်ရပ်မှ ရပ်မိရပ်ဖများ၊ ကျေးဇူးတင်ထိုက်သူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးဟန်ကြွယ်– မဖြူပြာဖြိုး။

အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်မားလာစေရေးအတွက် ဒါရိုက်တာများ၊ ဇာတ်ညွှန်းရေးဆရာများ၊ ထုတ်လုပ်သူများ၏ ညှိနှိုင်းအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် (မပျက်မကွက်) တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

အစီအစဉ်

၇-၃-၂၀၀၅	–	နံနက်(၁၀း၀၀)နာရီတိတိ ရုပ်ရှင်/ဗီဒီယိုဒါရိုက်တာများ
၈-၃-၂၀၀၅	–	နံနက်(၁၀း၀၀)နာရီတိတိ ရုပ်ရှင်/ဗီဒီယိုထုတ်လုပ်ရေးများ
၉-၃-၂၀၀၅	–	နံနက်(၁၀း၀၀)နာရီတိတိ ရုပ်ရှင်/ဗီဒီယိုဇာတ်ညွှန်းရေးဆရာများ
မှတ်ချက်	–	သီးခြားဖိတ်စာပေးပို့ခြင်းမရှိပါ။

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။

လေလံတင်ကြော်ငြာ

၁။ အလုပ်သမားဝန်ကြီးဌာနရှိ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံးပိုင် အောက်ပါမော်တော်ယာဉ်ကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချပါမည်–

စဉ်	မော်တော်ယာဉ် အမှတ်	မော်တော်ယာဉ် အမျိုးအစား	ကြည့်ရှုနိုင်သည့် နေရာ
၁။	၈ျ/၇၃၉၄	မာဇဒါ ဘီ-၆၀၀	အခန်း ၁၀၄၊ တိုက် ၃၊ အနော်ရထာအိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ လေလံတင်လျှောက်လွှာကို ၇-၃-၂၀၀၅ရက်နေ့ နံနက် ၁၀း၀၀နာရီမှစ၍ ၁၀-၃-၂၀၀၅ရက်နေ့ ညနေ ၁၅း၀၀နာရီအထိ ရောင်းချမည်ဖြစ်ပါသည်။
၃။ လေလံတင်ရောင်းချမည့်နေ့ရက်မှာ ၁၁-၃-၂၀၀၅ရက်နေ့ နံနက်၁၁း၀၀ နာရီ တွင်ဖြစ်ပြီး လေလံတင်ရောင်းချမည့်နေရာမှာ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံး၊ အခန်း ၁၀၄၊ တိုက် ၃၊ အနော်ရထာအိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့ ဖြစ်ပါသည်။
၄။ လေလံတင်ရောင်းချမည့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၅၀၀၀ိ/ ဖြင့် အဆိုပါ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။(ဖုန်း–၂၉၂၉၉၅၊ ၂၉၂၉၉၄၊ ၂၉၂၃၅၂ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။)

လေလံတင်ရောင်းချရေးကော်မတီ
အလုပ်သမားဝန်ကြီးဌာန၊

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၉က/၃၇၇၅တိုယိုတာ ဟိုင်းလတ်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ၁၅ ရက်တွင်းကညန၊ တောင်ကြီးသို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ တောင်ကြီး။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၃၁၀၄ ပရက်စတို ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထား လာပါသဖြင့် ၁၅ ရက်အတွင်း ကညန၊ တောင်ကြီးသို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ တောင်ကြီး။**

ကန့်ကွက်နိုင်ပါသည်

ဆိုင်ကယ်အမှတ် တက/၇၇၇၅ ဟွန်ဒါဒရင်းလက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ၁၅ ရက်အတွင်း ကညန၊တောင်ကြီးသို့လာရောက်ဆက်သွယ်ပါရန်။**ကညန၊ တောင်ကြီး။**

MES မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း MES
နှိုးဆော်စာ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအား (၅-၂-၂၀၀၅)ရက်တွင် အမှုဆောင်အသစ်များဖြင့် ပြန်လည်ဖွဲ့စည်းပြီး ဖြစ်ပါသည်။ အသင်းသားစည်းရုံးရေး၊ အင်ဂျင်နီယာအသင်း အဆောက်အအုံ အသစ်တည်ဆောက်ရေး၊ အင်ဂျင်နီယာ/ဗိသုကာ ပညာရပ်များပြန့်ပွားရေး၊ စက်မှုတိုးတက်ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုရေးဟူသော ရည်ရွယ်ချက်များဖြင့် အသင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။

အသင်းဝင်အသစ်များအား ဖိတ်ခေါ်ကြိုဆိုလျက်ရှိပြီး လက်ရှိအသင်းဝင်များအနေဖြင့် နှစ်စဉ်ကြေး ပေးသွင်းခြင်း၊ အသင်းဝင်ကတ်ပြား ထုတ်ယူခြင်း လုပ်ငန်းများကို ရုံးချိန်အတွင်း အသင်းရုံးတွင် ဆောင်ရွက်နိုင်ကြပါသည်။ အသင်းရုံးအဆောက်အအုံသစ်တည်ဆောက်ရေးအတွက်လည်း ရန်ပုံငွေများ လိုအပ်လျက်ရှိနေပါ၍ အင်ဂျင်နီယာ/ဗိသုကာများမှ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ပါဝင်ကူညီလှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
MICT Park၊ အဆောင်(၆)၊ အခန်း(၅)၊ ဖုန်း–၆၅၂၂၉၄၊ ၆၅၂၂၉၅။

သနပ်ပင်မြို့နယ်တွင် စုပေါင်းငါးမျိုးစိုက်ထည့်

သနပ်ပင် ဖေဖော်ဝါရီ ၂၀

သနပ်ပင်မြို့နယ် အောက်စုရပ်ကွက်ရှိ လယ်သမားကြီး ဦးအောင်မောင်း၏ လယ်ကေ ၈၀ အတွင်း ငါးခုံးမ၊တီလားပီးယား၊ရွှေဝါငါးကြင်းကောင်ရေ ၄၀၀၀၀ အား စုပေါင်းငါးမျိုး စိုက်ထည့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင့်ဆွေ၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်မြင့်သိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်း အဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့်လက်မှတ်ပေးအပ်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၅

တောင်တွင်းကြီးမြို့နယ်သစ်တောဦးစီးဌာန ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းမှ ဒေသခံပြည်သူ၊အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ဆီမီးထွန်းအုပ်စု သဲဖြူကျေးရွာ၌ ကျင်းပရာ မကွေးတိုင်း ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်းက သစ်တောတည်ထောင်ခွင့် လက်မှတ်ကိုပေးအပ်သည်။ **(ဓါတ်ပုံ)**

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ကင်းပွန်းတောင်ကြီးဝိုင်း အကွက်အမှတ်(၃၁)တွင် ၂၀၀၄-၂၀၀၅ ခုနှစ်၌ တည်ထောင်သော သီးခြား ကျွန်းစိုက်ခင်းဧက ၃၀၀ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွင်းဆင်းဆောင်ရွက်

ရေဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ၂၀ ရက်က ရေဦးမြို့နယ် ချောင်းဆုံရွာမှ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား မြို့နယ်ဦးစီးအရာရှိ ဦးဖုန်းမြင့်ဝေနှင့် ဝန်ထမ်းများက နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။
(၃၇၈)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အထက(၁)တောင်ငူမြို့၌ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးတင်ဝင်းက ကျောင်းသားတစ်ဦးချင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။
(က–ပ)

ကတ်ထိုက်–ဝမ်ဆမ်စိမ့်စမ်း ရေပိုက်သွယ်တန်း

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၅

ကျိုင်းတုံမြို့တွင် ကတ်ထိုက်–ဝမ်ဆမ်စိမ့်စမ်း ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းအရှည်ပေ ၇၂၀၀ ကိုပိုက်သွယ်တန်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား မြေယာများစီမံခန့်ခွဲလုပ်ကိုင်စေခြင်းဖြင့် နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍတွင် လက်တွေ့ကျကျ တစ်ရှိန်ထိုး တိုးတက်လာစေမည်

အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် ဖတ်ကြားတင်ပြ

ရန်ကုန် မတ် ၄

၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ"၊ "စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ"တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရှေးဦးစွာ **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ"**ကို ဖတ်ကြားတင်ပြရာတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့တွင် ဖော်ပြသင့်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအောက်တွင် ပါရှိရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ ခုနှစ် မေ ၁၉ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ဤရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး **စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ**တွင် ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

စာမျက်နှာ ၆ ကော်လံ ၁ ●

ဖတ်ကြားတင်ပြ

"စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ"၊ "စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ" တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

စက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ထုတ်ကုန်ပစ္စည်းများ၏ အမျိုးအစားနှင့်အရည်အသွေး တိကျမှန်ကန်ရေးအရေးကြီး ထုတ်ကုန်ပစ္စည်းများ၏ အခြေခံစံချိန်စံညွှန်းများ တစ်ပြေးညီသတ်မှတ်ပေးရေး ဥပဒေများထုတ်ပြန်ရန်လို

အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဖတ်ကြားတင်ပြ

"စက်မှုလက်မှုကဏ္ဍ" နှင့် "ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ" တို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၄

၂၀၀၅ ခုနှစ် မတ် ၃ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "စက်မှုလက်မှုကဏ္ဍ"နှင့်"ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ ဖတ်ကြားတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ရှေးဦးစွာ **"စက်မှုလက်မှုကဏ္ဍ"**ကို ဖတ်ကြားတင်ပြရာ၌ ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့တွင် ဖော်ပြသင့်သည့် စက်မှုလက်မှုကဏ္ဍအောက်၌ ပါရှိရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ ခုနှစ် မေ ၁၉ ရက်တွင်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း။ ထိုရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး **စက်မှုလက်မှုကဏ္ဍ**တွင် ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်း၌–

"၁။ ပြည်ထောင်စုအဆင့်ကဆောင်ရွက်မည့် စက်မှုလုပ်ငန်းများ၊

၂။ စက်မှုဇုန်များ၊

၃။ သိပ္ပံနှင့်နည်းပညာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသန၊

၄။ အလေးတင်းတောင်း၊ အတိုင်းအတာစသည်တို့ကို စံပြုခြင်း၊

၅။ မူပိုင်ခွင့်များ (Copyrights)၊ တီထွင်မှု မူပိုင်ခွင့်များ(Patents)၊ ကုန်အမှတ်တံဆိပ်များ(Trademarks)၊ စက်မှုဆိုင်ရာ ဒီဇိုင်းများ (Industrial Designs) စသည့် အသိဉာဏ်ဆိုင်ရာပစ္စည်းများ (Intellectual Properties)"နှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- မြန်မာအမျိုးသမီးများအားလုံးသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားအတွက် မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်အရင်းခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် တစ်စိတ်တည်းတစ်ဝမ်းတည်း စုစည်းညီညွတ်စွာလှုပ်ရှားဆောင်ရွက်။ ခေါင်းကြီး(စာ–၂)
- ဒို့ပြည်သူတွေက အတိတ်သမိုင်းကြောင်းတွေကို နဖူးတွေ့ ဒူးတွေ့ကြုံခဲ့ဖူးကြတာမို့ တပ်မတော်ရဲ့ မှန်ကန်တဲ့ရပ်တည်မှုနဲ့ လုပ်ဆောင်မှုတွေကို နားလည်သဘောပေါက်ထားကြပါတယ်။ ကမ္ဘာ့ဖြစ်ရပ်တွေထဲကလဲ သင်ခန်းစာတွေအများကြီး ရနေကြပါတယ်။ ဟိန်းမြင့်၏ဆောင်းပါး(စာ–၁၀၊ ၁၁)